# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊အမှတ်(၅၉)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## မော်ရီတေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၈ရက်၌ ကျရောက်သော မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာအိုယာ အုလ်(ဒ်)ဆိဒ် အာမက်တာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## အာဆီယံထိပ်သီးညီလာခံတက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၇

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊လာအို၊မြန်မာ၊ဗီယက်နမ် ထိပ်သီး အစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ဩစတြေးလျ–နယူးဇီလန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
**အယ်ဒီတာ့ အာဘော်**
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

# ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိရေး နိုင်ငံတော်နှင့်အတူ စေတနာရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နိုင်ငံတော်က နိုင်ငံတစ်ဝန်းဖြန့်ကြက်၍ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၅)ရပ် စီမံကိန်းများကို စနစ်တကျချိတ်ဆက် ပေါင်းစပ်အကောင်အထည်ဖော်လျက် ရှိသည်။

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အခြေခံလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲ၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး နဝမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားရာ၌–

**“ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ မြို့နယ် ရှစ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး ရေရရှိပြီဖြစ်သကဲ့သို့ မကြာမီကာလတွင် မြို့နယ် ရှစ်မြို့နယ်၌ ကျေးရွာအားလုံး သန့်ရှင်းသောရေ ထပ်မံရရှိတော့မည်ဟု သိရကြောင်း၊ အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်ပါကြောင်း”**

ပြောကြားသွားသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းကို ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများဖြင့် ဝိုင်းဝန်းကူညီ အကောင်အထည်ဖော် ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် အပူပိုင်းဒေသ တိုင်း သုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၆၀၇၈ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ရေခက်ခဲသော ကျေးလက်ပြည်သူ ခုနစ်သန်းခန့် ရေရရှိမှုအကျိုးကို လက်တွေ့ ခံစားနေကြရပြီ ဖြစ်သည်။

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားရေခက်ခဲသော ပြည်နယ်၊ တိုင်းများတွင်လည်း သန့်ရှင်းသော ရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်နယ်နှင့် တိုင်း ၁၄ ခုရှိ ရေရရှိရန် ဆက်လက်ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၂၀၀၄ ခုနှစ် အောက်တိုဘာလအကုန်အထိ ကျေးရွာပေါင်း ၆၀၉၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ကျေးလက်ဒေသများ ရေချိုရရှိရန်အတွက် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် ရေချိုရရှိရန် အလားအလာကောင်းများ တွေ့ရှိနေရပြီ ဖြစ်သည်။

မကြာမီကာလတွင်လည်း ခင်ဦးမြို့နယ်၊ မြောင်မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ဆောမြို့နယ်၊ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့တွင်လည်း မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်းသည် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာမှုကြောင့်ဖြစ်ပေရာ ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေ အပြည့်အဝရရှိစေရန်အတွက် ယခုထက် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၈–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ပဥ္စင်္ဂီကမင်္ဂနှင့် အင်္ဂီကမင်္ဂ”**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Landform of Arid Regions. (ပထမနှစ်၊ ပထဝီဝင်)
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပန်းတိုင်”** (အပိုင်း–၁၇) ဇာတ်သိမ်း
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မြန်မာ့ရှုခင်း
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ English Premier League ဘောလုံးပွဲ Liverpool Vs Arsenal

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



## ဆက်ကပ်လှူဒါန်း

**ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၏ (၂၁)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် သင်္ကန်းကပ်လှူ ပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ဆရာတော်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်နှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းသားကျောင်းသူများက ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။**(က–ပ)

**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း အမှတ်(၄၆)နေ ဒေါ်ခင်မေရှို မိသားစုက ကွယ်လွန်သူ မိဘနှင့် အစ်ကိုကြီး၊ အစ်မကြီးများအား ရည်စူး၍ နိုဝင်ဘာ ၁၇ ရက်က မင်္ဂလာသုခ ပါဠိတက္ကသိုလ်စာသင်တိုက် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းကို ဆရာတော် ဦးသုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



## မီးသတ်ဦးစီးဌာန စခန်းမှူးမံ့သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ စခန်းမှူးမံ့ သင်တန်းအမှတ်စဉ် (၁၃/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာ သင်တန်းသား အရာရှိ ၃၉ ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



● ရှေ့ဖုံးမှ

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kobkeo Luangkhotနှင့် သံရုံးမှတာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

## တာဝန်ရှိသူများလိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် ထိပ်သီးညီလာခံမတိုင်မီ ကြိုတင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၂၆ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံ့ ဗိုရာချစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–သြစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Mr. Kobkeo Luangkhotနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

# မင်းလှမြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်မြို့)က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း သပြေခန်းမတွင် ဒီဇင်ဘာ၆ရက် (အမျိုးသားနေ့) နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်သည်။ မင်းလှမြို့ အထက်တန်းကျောင်းတွင် ၂၀၀၃–၂၀၀၄ခုနှစ် ပညာသင်နှစ်တွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီးသူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယနှင့်တတိယရရှိသူများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများကို လည်းကောင်း ဆုများချီးမြှင့်မည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် မင်းလှမြို့သို့မော်တော်ယာဉ်ဖြင့် လိုက်ပါလိုသူများသည် နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း(ရုံး–၂၅၆၉၀၈၊ အိမ်–၅၂၆၇၃၅)၊ ဦးမြင့်ဆွေ ဖုန်း (အိမ်–၂၅၆၀၃၇)၊ ဦးသန်းစိုး ဖုန်း(ရုံး–၃၇၆၆၈၅၊ အိမ်–၅၃၄၇၃၆) နှင့်ဦးတင်မောင်ဦး ဖုန်း(ရုံး–၅၃၅၃၈၃၊ အိမ်–၅၀၁၀၅၁) တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

# တာမွေဆုထူးပန်ကျောင်း ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့ တာမွေမြို့နယ်ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက် မဟာဘုံကထိန်သင်္ကန်း လှူဒါန်းပွဲကို ယမန်နေ့က ကျင်းပရာ သက်တော်ရှည် သန်လျင်မြို့ ဓမ္မရောင်ခြည်ကျောင်း ဆရာတော်ဘဒ္ဒန္တ ရေဝတ အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများ၊ ဆုထူးပန်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တ သလ္လာအရှင်ပဏ္ဍိတနှင့် စာသင်စာချနာယကသံဃာတော်များ ကြွရောက်တော်မူကြပြီး ကထိန်လျာသင်္ကန်းနှင့်စာအုပ်အလှူရှင်ဦးစိုးဝင်း–ဒေါ်ယဉ်ယဉ်နုမိသားစုက အရှင်ကဝိန္ဒ (ရဝေစိုး)ရေးသားပူဇော်သော ဆုထူးပန်ဆရာတော်နှင့်သာသနာပြုခရီး အမှတ်(၂)စာအုပ် အပါအဝင်လှူဖွယ်မျိုးစုံတို့ဖြင့်ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

(က–ပ)

# ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၀၄)နှင့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၀၄)ဆင်းပွဲအခမ်းအနားများကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁ နာရီက ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းသို့ သင်တန်းသား ၆၁ဦးနှင့်အခြေခံကွန်ပျူတာသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။

(က–ပ)

# စာအုပ်ဈေးပွဲတော်တွင်စားသောက်ဆိုင်ခန်းများဖွင့်လှစ်နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၇**

၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပ မည့် စာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ၃ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ **"ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန"**၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စာအုပ်ဆိုင်များ ခင်းကျင်းပြသ ရောင်းချရာတွင် လာရောက်ဝယ်ယူအားပေးကြသူများ အဆင်ပြေချောမွေ့စွာဖြင့် စားသောက်သုံးဆောင်နိုင်ရန် စားသောက်ဆိုင်များကိုပါ ပူးတွဲခင်းကျင်းရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်၍ စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချလိုသူများသည် မိမိတို့ ရောင်းချလိုသည့် စားသောက်ပစ္စည်းအမျိုးအမည်ကို ဖော်ပြ၍ ၁၀ပေပတ်လည်ဆိုင်ခန်း မည်မျှယူလိုသည်ကို ဆိုင်ခန်းနေရာချထားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဖုန်း–၂၀၀၅၁၂၊ ၂၀၂၀၈၉၊ အတွင်းရေးမှူး ဦးကြိုင်မြင့် ဖုန်း–၂၄၃၁၈၂နှင့်လုပ်ငန်းကော်မတီဝင် ဦးစိုးအောင် ဖုန်း–၂၀၁၀၁၇တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဒီဇင်ဘာ၁ရက် မွန်းလွဲ၂နာရီတွင် စာအုပ်ဈေးပွဲတော် ကျင်းပမည့်နေရာသို့ စားသောက်ဆိုင်ခန်း ပါဝင်ရောင်းချလိုသူကိုယ်တိုင် မပျက်မကွက်တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
၁၃၆၆ ခုနှစ်၊ စာဆိုတော်နေ့ အထိမ်းအမှတ်
စာအုပ်ဈေးပွဲတော်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်မှ ဒီဇင်ဘာလ (၉) ရက်အထိ
အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန
နံနက် (၉) နာရီမှ ညနေ (၆) နာရီအထိ
စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်။ မည်သူမဆို စိတ်ချမ်းမြေ့စွာ လာရောက်ဝယ်ယူနိုင်ပါသည်။



# အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ကြသူများ လုံခြုံမှုအပြည့်အဝရရှိစေရန် လာအိုနိုင်ငံဆောင်ရွက်

ဗီယင်ကျန်း နိုဝင်ဘာ ၂၆

**လာအိုနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း၁၇နိုင်ငံမှ ကိုယ်စားလှယ်အားလုံးအတွက် ရာနှုန်းပြည့်လုံခြုံမှုအပြည့်အဝရရှိစေရမည်ဖြစ်ကြောင်း ကြာသပတေးနေ့က ကတိပြုပြောကြားထားသည်။**

(၁၀)ကြိမ်မြောက်အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ထိပ်သီးအစည်းအဝေးအတွက်ပထမဆုံးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

**ပြောကြား**

လာအိုလူဦးရေ ၅ဒသမ၇ သန်းသည် အာဆီယံအစည်းအဝေးကျင်းပခြင်းကို အလွန်ဂုဏ်ယူလျက်ရှိကြောင်း၊ လာအိုလူမျိုးတိုင်းက လုံခြုံရေးတာဝန်များ ခွဲဝေယူကာ အစည်းအဝေးများ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရန် အာမခံထားကြကြောင်း ၎င်းက ပြောကြားသည်။

**လာရောက်**

အာဆီယံ အစည်းအဝေးကျင်းပနေစဉ်အတွင်း ဗီယင်ကျန်းသို့ လာရောက်ကြသည့် နိုင်ငံခြားခရီးသွားများ ဟိုတယ်အိပ်ခန်းများ လုံလောက်မှု မရှိခဲ့လျှင်လည်း တောင်းပန်ကြောင်း၊ ယင်းတို့သည် အဆိုပါ ကာလ အတောအတွင်းအခြားနိုင်ငံများမှ လာရောက်နိုင်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

**အတည်ပြု**

အာဆီယံအစည်းအဝေးသို့ကိုယ်စားလှယ် ၁၂၀၀ခန့်တက်ရောက်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားသတင်းစာဆရာ၈၀၀၊အခြားသောပြည်သူ ၁၀၀၀ ခန့်လည်း တက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံ(၁၀)နိုင်ငံမှခေါင်းဆောင်များ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့မှ ခေါင်းဆောင်များ အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်မည် ဖြစ်သကဲ့သို့ ရုရှားမှ ဝန်ကြီးတစ်ဦးလည်း ယင်းအစည်းအဝေးသို့ တက်ရောက်ရန် အတည်ပြုထားပြီး ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံခြား သတင်းများ

### ခေါင့်ကြပ်

**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မီဒီယာစင်တာ အပြင်ဘက်၌ လာအို ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေး စောင့်ကြပ်နေမှုကို နိုဝင်ဘာ ၂၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဒေသတွင်း ဦးစားပေးကဏ္ဍများ ပေါင်းစည်းရေး အာဆီယံမူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးမည်

မနီလာ နိုဝင်ဘာ ၂၅

**အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ဦးစားပေးကဏ္ဍများ ပေါင်းစည်းရေးအတွက် လာမည့်အပတ်တွင် အာဆီယံမူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးမှုနှင့်အတူ ယင်းတို့၏အဖွဲ့ဝင် ၁၀ နိုင်ငံ၏ စီးပွားရေး ပေါင်းစည်းဖွဲ့စည်းရေးလုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**

အာဆီယံနိုင်ငံများသည် လာအိုနိုင်ငံဗီယင်ကျန်းမြို့၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပမည့် (၁၀) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။ အာဆီယံခေါင်းဆောင်များသည် ၂၀၂၀ပြည့်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအဖြစ် ဖွဲ့စည်းရန်စီစဉ်လျက်ရှိရာ အရှေ့တောင်အာရှစီးပွားရေးပေါင်းစည်းရေးအတွက် ပုံစံပြုထောက်ခံချက် သတ်မှတ်ကြမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သတင်းဌာနက ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။

ဒေသတွင်းရှိ ခေါင်းဆောင်များသည် ဦးစားပေးကဏ္ဍ ၁၁ ခုတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားကြကြောင်း၊ ၂၀၂၀ပြည့်တွင် ယင်းကဏ္ဍများအောက်ရှိ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် စာရင်းများဖယ်ရှားကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဏ္ဍများမှာ သစ်အခြေခံထုတ်ကုန်များ၊ ရော်ဘာအခြေခံထုတ်ကုန်များ၊ ချည်ထည်နှင့် အဝတ် အထည်များ၊ စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်များ၊ ငါးလုပ်ငန်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အီးအာဆီယံကျန်းမာရေးစောင့်ရှောက်မှု၊ လေကြောင်းခရီးသွားနှင့် ခရီးသွားလုပ်ငန်းများ ပါဝင်သည်ဟု အဆိုပါသတင်းက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မသန်စွမ်းသူများ အတွက် တီထွင်ထုတ်လုပ်နေ

တိုကျို နိုဝင်ဘာ ၂၆

**လူသားများ၏ ဦးနှောက်ဆဲလ်များအတွင်း လျှပ်စစ်ဓာတ်ဖြတ်သန်းစေကာ ကွန်ပျူတာနှင့်ချိတ်ဆက်ပေးခြင်းဖြင့် စိတ်ဆန္ဒအတိုင်း ဆောင်ရွက်ပေးနိုင်မည့် စနစ်တစ်မျိုးကို သုတေသီများက တီထွင်လျက်ရှိသည်။ ယခုစမ်းသပ်မှု အောင်မြင်ပါက မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကွန်ပျူတာအသုံးပြုနိုင်ရုံသာမက မော်တော်ယာဉ်များပင် မောင်းနှင်နိုင်မည် ဖြစ်သည်။**

၎င်းစနစ်အရဦးနှောက်၌ တပ်ဆင်ထားသော အကဲဖြတ်များက ဦးနှောက်၏ အချက်ပြမှုများကို စူးစမ်းကာ ၎င်းမှတစ်ဆင့် ကွန်ပျူတာသို့ ပေးပို့နိုင်ပြီးလိုရာသို့လှုပ်ရှားစေမည် ဖြစ်သည်။

အခြားသုတေသီများကလည်း အလားတူ စူးစမ်းမှုများပြုလုပ်လျက်ရှိရာ လူ့ဦးနှောက်နှင့် အနီးစပ်ဆုံးတူညီမှုရှိသော မျောက်များကိုစမ်းသပ်ခဲ့သည်။ ဗီဒီယိုဂိမ်းများကို ကစားတတ်စေရန် မျောက်များကို သင်ကြားပေးပြီးနောက် သင်္ကေတစကားလုံးကြားရုံဖြင့် လက်ရွှေ့စေရန် သင်ကြားခဲ့သည်။ ယင်းသို့ ကစားနေစဉ် မျောက်၏ ဦးနှောက်အတွင်း ဖြစ်ပေါ်လာသော လှိုင်းများကို ကွန်ပျူတာ၌ မှတ်တမ်းတင်ထားကာ မျောက်ကိုယ်စား ကာဆာကို ရွှေ့ပေးနိုင်သည်။

၎င်းနည်းပညာ တိုးတက်ရေးကို ဆက်လက် ကြိုးဆလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# ၂၀၀၅ခုနှစ် အရှေ့အာရှထိပ်သီး အစည်းအဝေး အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် မလေးရှားကမ်းလှမ်း

ဗီယင်ကျန်း နိုဝင်ဘာ ၂၆

**သက်ဆိုင်ရာ နိုင်ငံများက တညီတညွတ်တည်း လက်ခံသဘောတူလျှင် ၂၀၀၅ခုနှစ်၌ အရှေ့အာရှထိပ်သီး(အီးအေအက်စ်)အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဟု မလေးရှားနိုင်ငံက ကမ်းလှမ်းထားကြောင်း (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပြောခွင့်ရှိသူ ယွန်ချွန်သာလန်ဆီက သောကြာနေ့က ဗီယင်ကျန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။**

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် အရှေ့အာရှဗစ်ရှင်းအုပ်စုက အဆိုပြုထားသော အီးအေအက်စ် ဆိုင်ရာကိစ္စကို သောကြာနေ့က ဗီယင်ကျန်းတွင် ဆွေးနွေးခဲ့ကြသည်ဟု ပြောခွင့်ရှိသူက ပြောကြားသည်။

ထို့ပြင် ဂျပန်နိုင်ငံကလည်း အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၀၅ခုနှစ် မေလ၌ တိုကျိုမြို့တွင် လက်ခံကျင်းပသွားရန် ကမ်းလှမ်းထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

အရှေ့အာရှ အသိုင်းအဝိုင်း ထူထောင်ခြင်းနှင့် စပ်လျဉ်း၍ ယင်းသည် အုပ်စုတည်ဆောက်ခြင်းနှင့် အဆင့်ဆင့်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရမည့် ရေရှည်ရည်မှန်းချက် တစ်ရပ်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိများက သုံးသပ်ပြောကြားသည်။

**(အင်တာနက်)**

### ကားများထုတ်လုပ်

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဒုတိယ ကားအများဆုံး ထုတ်လုပ်သည့် နစ်ဆန်း ကားထုတ်လုပ်ရေး စက်ရုံမှ ကားများ ထုတ်လုပ်နေမှုကို နိုဝင်ဘာ ၂၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မော်တော်ကား ရောင်းချရမှု မလေးရှား၌ မြင့်တက်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၆

**မလေးရှားနိုင်ငံ၌ မော်တော်ကားရောင်းချရမှုသည် ယမန်နှစ်အလားတူလက ကားစီးရေ ၃၄၂၆၂စီးရောင်းချရာမှ ယခုနှစ် အောက်တိုဘာလတွင် မော်တော်ကားစီးရေ ၄၃၂၀၆စီးရောင်းချခဲ့ရသဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၆ဒသမ၁ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း မလေးရှား ကားထုတ်လုပ်ရောင်းချမှုအသင်း(အမ်အေအေ)က ကြာသပတေးနေ့တွင် ပြောကြားသည်။**

အဆိုပါ ရောင်းချရသည့် ကားစီးရေ စုစုပေါင်းတွင် ခရီးသည် တင်ယာဉ် ယခင်နှစ်တွင် ၂၆၂၇၈စီး ရောင်းချရာမှ ယခုနှစ်တွင် စီး၃၃၇၅၀၊ ကုန်တင်ယာဉ်ရောင်းချမှုတွင် ယခင်နှစ်က ၇၉၈၄စီး ရောင်းချခဲ့ရာမှ ယခုနှစ်တွင် ၉၄၅၆စီး ရောင်းချခဲ့ရကြောင်း အမ်အေအေ၏ သတင်းထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ရောင်းချရသည့်ကားများတွင် ကားစီးရေ ၃၀၂၅၉စီးမှာ ပြည်တွင်းဖြစ်ကားများဖြစ်ကြောင်း၊ ယမန်နှစ် ထိုအချိန်ကာလက ပြည်တွင်းဖြစ် ကားစီးရေ ၂၃၇၁၀ရောင်းချရကြောင်း အမ်အေအေက ပြောကြားသည်။ ဖော်ပြပါစာရင်းတွင် ခရီးသည်တင်ယာဉ်စီး ၂၇၄၉၀နှင့် ကုန်တင်ယာဉ် ၂၇၆၉စီးဖြစ်ကြောင်း ၎င်းသတင်းကြေညာချက်၌ ဖော်ပြထားသည်။

ထိုအတောအတွင်း နိုင်ငံခြားဖြစ် ကားရောင်းချရမှုမှာ ယမန်နှစ် အလားတူလက ကားစီးရေ ၁၀၅၅၂ စီးရောင်းချရာမှ ယခုနှစ်တွင် ကားစီးရေ ၁၂၉၄၇ စီးရောင်းချရကြောင်း၊ ယင်းတို့တွင် ခရီးသည်တင်ယာဉ်စီး၆၂၆၀နှင့် ကုန်တင်ယာဉ် ၆၆၈၇စီးဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဖလူးဂျာတိုက်ပွဲ၌ ဒဏ်ရာရကန်တပ်ဖွဲ့ဝင်ဦးရေ ၈၅၀ကျော်ရှိ အီရတ်စစ်ပွဲတစ်ခုလုံးတွင် ဒဏ်ရာရကန်တပ်ဖွဲ့ဝင် ၉၀၀၀ကျော်ရှိပြီ

ဝါရှင်တန် နိုဝင်ဘာ ၂၆

**နိုဝင်ဘာ ၇ရက်၌ ဖလူးဂျာမြို့ကို ထိုးစစ်ဆင်နွှဲခဲ့ချိန်ကစပြီး အီရတ်နိုင်ငံအနှံ့တွင် ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်သည် ၈၅၀ကျော်ရှိပြီး စစ်ပွဲတစ်ခုလုံးအတွက် ဒဏ်ရာရသူ စုစုပေါင်းမှာ ၉၀၀၀ကျော်ရှိခဲ့ပြီဖြစ်ကြောင်း ပင်တဂွန်က အင်္ဂါနေ့၌ ပြောကြားသည်။**

ပင်တဂွန်၏ ထိခိုက်သေဆုံးမှုဆိုင်ရာ အပတ်စဉ် အစီရင်ခံစာ၌ ၂၀၀၃ခုနှစ် မတ်လ၌ အမေရိကန်တပ်များ အီရတ်ကို ကျူးကျော်ခဲ့ချိန်ကစပြီး ဒဏ်ရာရသူ အမေရိကန် တပ်ဖွဲ့ဝင် ၉၃၂၆ဦးဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။

**ပိုမိုလာ**

ယခုဒဏ်ရာရရှိသော အရေအတွက်သည် ဖလူးဂျာ၌ဖြစ်ပွားသော တိုက်ပွဲများ သာမက ဘဂ္ဂဒက်နှင့် အခြားအီရတ်မြို့ကြီးများကို ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ခိုက်သဖြင့် ယခင်သီတင်းပတ်၌ ဒဏ်ရာရခဲ့သော အရေအတွက်မှ ၃၇၀ပိုမိုလာခြင်း ဖြစ်သည်ဟု သိရသည်။

**တိုးလာခဲ့**

စုစုပေါင်း ဒဏ်ရာရသူ အရေအတွက်သည် ဖလူးဂျာကိုထိုးစစ်စခဲ့ချိန်မှစပြီး ၈၆၈ဦး တိုးလာခဲ့ပြီး နိုဝင်ဘာ ၁ရက်မှစပြီး ၁၀၃၉ဦး တိုးလာခဲ့သည်။ ဖလူးဂျာတစ်မြို့တည်း၌ သေဆုံးပြီး ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် အစီရင်ခံစာကို ပင်တဂွန်က မထုတ်ပြန်သော်လည်း အရာရှိများက ၅၁ဦး ထက်မနည်း သေဆုံးပြီး ၄၂၅ဦး ဒဏ်ရာရခဲ့သည်ဟု ပြီးခဲ့သည့်သီတင်းပတ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

**ဖမ်းဆီးခေါ်ဆောင်**

**ဘဂ္ဂဒက်မြို့အနီး ကျေးရွာတစ်ရွာကို ဗြိတိသျှတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းပြီးနောက် အီရတ်များအား ဖမ်းဆီးခေါ်ဆောင်လာသည်ကိုနိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## ဘဂ္ဂဒက်ရှိ အဆောက်အအုံတစ်ခုကို ဗုံးဖောက်ခွဲ ရဲအရာရှိတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

**ဘဂ္ဂဒက် အနောက်ပိုင်းရှိ ကူးသန်းရောင်းဝယ်ရေးအဆောက်အအုံအတွင်း၌ ထောင်ထားသောဗုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့သဖြင့် ရဲအရာရှိတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။**

ယင်းပေါက်ကွဲမှုကြောင့် ၎င်းရဲအရာရှိ သေဆုံးခဲ့သည်ဟု အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

**လဲကျ**

ထိုအချိန်တွင် အဆောက်အအုံအနီး၌ ဖုန်းဆက်နေသော အမျိုးသမီးတစ်ဦးသည် ယင်းပေါက်ကွဲသံကြောင့် နလုံးထိခိုက်သွားပြီး မြေပြင်သို့ လဲကျသွားသောကြောင့် ဆေးရုံသို့ပို့ဆောင်ပေးလိုက်ရသည်။ အခြား ဒဏ်ရာရသူနှစ်ဦးမှာ အနီးရှိ ဈေးဆိုင်အလုပ်သမားများဖြစ်သည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက် အနောက်ဘက်နှင့် တောင်ဘက်ရှိ အီရတ်ခုခံ တိုက်ခိုက်ရေးသမားများအား တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားစဉ် ပြီးခဲ့သော သီတင်းပတ် အနည်းငယ်က ဗုံးများ၊ မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်သံများ ထွက်ပေါ်လျက်ရှိသည်။

ဘဂ္ဂဒက်တွင် လတ်တလော နံနက် ၁၀ နာရီမှ ညနေ ၄နာရီအထိ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ကဘူးလ် နိုဝင်ဘာ ၂၆

**အာဖဂန်နစ္စတန်နိုင်ငံ၏ အလယ်ပိုင်း ဥရုဇ်ဂန်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်၊**

ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်အား အနီးရှိ စစ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မသိရ**

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ တာဝန်ရှိသူကို ယခုအချိန်အထိ အခိုင်အမာ မသိရှိရသေးကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုဝင်ဘာ ၂၆ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၃၃ ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

နိုဝင်ဘာ ၂၆ရက် သောကြာနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၃၃ ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၆၁ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၉၅ဦးဖြစ်ပြီး ယင်းအနက် ၈၅၂ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရန် တောင်းဆို

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတွင် ဆိုးရွားသော လုံခြုံရေးအခြေအနေကြောင့် ဇန်နဝါရီလ၌ ကျင်းပမည့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် အီရတ်အဖွဲ့အစည်း ခုနစ်ခုက တောင်းဆိုလိုက်သည်။

အီရတ်ရွေးကောက်ပွဲ ကော်မရှင်က ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရန် ရက်သတ် မှတ်ထားပြီးဖြစ်ရာ အီရတ်အုပ်စုကွဲများက ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် ပူးတွဲ ကြေညာချက်တွင် ရွေးကောက်ပွဲ ကျင်းပရက်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားသည်။ အင်္ဂါနေ့၌ ကျင်းပသည့် အီရတ် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံသို့ တက်ရောက်လာကြသူ အဖွဲ့ဝင်နိုင်ငံများက အီရတ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကူညီ ထောက်ပံ့မှုများ ပိုမိုလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသော်လည်း အာရပ်နိုင်ငံအချို့က အီရတ်နိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိုးရိမ်လျက်ရှိသည်။

**(အင်န်အိပ်ချ်ကေ)**



**ဆာမာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို နိုဝင်ဘာ ၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် ဒုတိယမြောက်ထိုးစစ်ဆင်နွှဲ အမေရိကန်တို့က အင်အား ၅၀၀၀ဖြင့် တိုက်ခိုက်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

**အီရတ်နိုင်ငံ၌ အလွန်ပြင်းထန်သော ဒုတိယမြောက်ထိုးစစ်ဆင်မှုတစ်ရပ်အဖြစ် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ဘဂ္ဂဒက်မြို့တောင်ပိုင်းဒေသကို တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းဒေသကို ထိန်းချုပ်နိုင်ရန် စစ်ဆင်ရေးရည်ရွယ်ချက်ချင်း တူသော်လည်း ဖလူးဂျာမြို့ကို စီးနင်းတိုက်ခိုက်ခဲ့သည့် စစ်ပရိယာယ်တွင် ကွာခြားမှုရှိကြောင်း သိရသည်။ ၎င်းဒေသအတွင်း ပြန်ပေးဆွဲမှုများ၊ သတ်ဖြတ်မှုများ၊ ခုခံတိုက်ခိုက်မှုများ အမြောက်အမြားဖြစ်ပွားလျက်ရှိသည့်နေရာအဖြစ် အမေရိကန်တို့က သတ်မှတ်ကာ တပ်ဖွဲ့ဝင် ၅၀၀၀ ဖြင့် ပြီးခဲ့သည့်နှစ်ရက်က စတင်ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၊ အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဗြိတိသျှတပ်ဖွဲ့ဝင်များလည်း ပါဝင်ထိုးစစ်ဆင်လျက်ရှိသည်။ တစ်အိမ်တက်တစ်အိမ်ဆင်းဝင်ရောက်စီးနင်းကာ အထူးသဖြင့် သတင်းရရှိထားသည့် နေရာများကို ပစ်မှတ်ထား စီးနင်းတိုက်ခိုက်လျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် သံသယရှိသူ ခုခံတိုက်ခိုက်ရေးသမား အနည်းဆုံးသုံးဦးကို ဖမ်းဆီးခဲ့ပြီး ထိုးစစ်ဆင်မှုများကိုလည်း ရက် အတော်ကြာ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အီရတ်တွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားရှိမှု ကန်ကိုကူညီနေခြင်းဖြစ်သည်ဟု ဆိုကာ ပြည်သူများကန့်ကွက်ဆန္ဒပြ

ဆိုးလ် နိုဝင်ဘာ ၂၆

**တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားရှိခြင်းသည် အမေရိကန်ဦးဆောင်သောစစ်ပွဲတွင် တောင်ကိုရီးယားက ပါဝင်ကူညီနေခြင်းဖြစ်ကြောင်း ပြည်သူများကပြောဆိုကာ ကန့်ကွက်ခဲ့ကြသည်။ တောင်ကိုရီးယား စားစာခံတစ်ဦးကို အီရတ်တိုက်ခိုက်ရေးသမားများအုပ်စုတစ်စုက သတ်ပစ်ခဲ့ပြီးနောက်ပိုင်း တောင်ကိုရီးယားပြည်သူများက အစိုးရအပေါ် ပိုမိုပြင်းထန်စွာ ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။**

အီရတ်နိုင်ငံမြောက်ပိုင်း အာဘီးမြို့တွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၂၈၀၀ ခန့် ထားရှိကာ လမ်းများ၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ဆေးဝါးထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ရုပ်သိမ်းရန်**

အီရတ်နိုင်ငံတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ တစ်နှစ် ပိုမိုထားရှိရေး ဆုံးဖြတ်ချက်သည် ဟန်ဂေရီနှင့် နယ်သာလန်နိုင်ငံများက ၎င်းတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းသွားရန် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားတပ်ဖွဲ့ဝင်အင်အား အရေအတွက်ကို ၃၆၀၀ အထိ ပိုမိုတိုးမြှင့်ရေးစီစဉ်ထားကြောင်းနှင့် ယင်းအရေအတွက်မှာ အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များအနက် အမေရိကန်နှင့် ဗြိတိန်ပြီးလျှင် အင်အားအများဆုံးနိုင်ငံခြားတပ်ဖွဲ့ဝင်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိပ်ချ်ကေ)**



**ဖလူးဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း နိုင်ငံခြားသတင်းများ**

# အီရတ်၌ ဂျပန်စစ်ဘက်ဆိုင်ရာလုပ်ငန်းတာဝန် တိုးချဲ့မည့်ကိစ္စ ဂျပန်လူမျိုး ၆၀ ရာခိုင်နှုန်းကျော် ဆန့်ကျင်ကန့်ကွက်

တိုကျို နိုဝင်ဘာ ၂၆

**အီရတ်နိုင်ငံတွင် ဂျပန်နိုင်ငံ၏ စစ်ဘက်လုပ်ငန်းတာဝန် တိုးချဲ့ခြင်းကို ဂျပန်လူမျိုး ၆၀ရာခိုင်နှုန်းကျော်က ဆန့်ကျင်ကြောင်း နီဟွန်ကီဇိုင်ရှင်ဘွန်း သတင်းစာကပြုလုပ်သည့် လူထုသဘောထားစစ်တမ်း၌ ကြာသပတေးနေ့က ဖော်ပြထားသည်။**

လူထုသဘောထားစစ်တမ်းကို အစိုးရက အီရတ်၌ ဂျပန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာလုပ်ငန်း ဆက်တိုးချဲ့မည်၊ မတိုးချဲ့မည်ကို မဆုံးဖြတ်မီ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

**ဖော်ပြ**

စုံစမ်းလေ့လာချက်တွင် ၆၁ရာခိုင်နှုန်းက စစ်ဘက်ဆိုင်ရာလုပ်ငန်း တိုးချဲ့ခြင်းကို ဆန့်ကျင်ကြပြီး ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်း ဖော်ပြထားသည်။

**ရှိသင့်**

ပြည်သူ ၂၅ ရာခိုင်နှုန်းကသာ ဒီဇင်ဘာ ၁၄ ရက် နောက်ဆုံး သတ်မှတ်ရက်ကျော်လွန်ပြီး အီရတ်၌ တပ်ဖွဲ့ဝင်များ ရှိသင့်ကြောင်း ပြောဆိုခဲ့ကြသည်။

**တိုးလာ**

ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိ အနေဖြင့် ဂျပန်နိုင်ငံ၏ စစ်ဘက်လုပ်ငန်းတာဝန် တိုးချဲ့ဖြန့်ချခြင်းကို ထောက်ခံမည်ဟု ယုံကြည်ယူဆရသော်လည်း အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေပိုဆိုးလာမှုကြောင့် ဂျပန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ တိုးလာခဲ့သည်။

**ဖြစ်ပွား**

ဂျပန်တပ်ဖွဲ့ဝင်များ ဖြန့်ချထားသော ဆာမာဝါမြို့ကို ဒုံးကျည်ထိမှန်ခဲ့သော်လည်း ထိခိုက်သေဆုံးမှု မရှိဟုသိရသည်။ ဗုဒ္ဓဟူးနေ့၌ ဆာမာဝါမြို့ဆင်ခြေဖုံးတွင် ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# မိုဆူးလ်မြို့တွင် ဒုတိယအုပ်ချုပ်ရေးမှူး ယာဉ်တန်း ပစ်ခတ်ခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၆**

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် နိုင်းဗက်ချ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၏ ယာဉ်တန်း ဗုဒ္ဓဟူးနေ့က ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် ၎င်း၏ ကိုယ်ရံတော်တစ်ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန အထူးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မြို့တော်အုပ်ချုပ်ရေးရုံး အဆောက်အအုံအနီးတွင် ဖြစ်ပွားခဲ့ပြီး အခြားသော ကိုယ်ရံတော်တပ်ဖွဲ့ဝင်များဒဏ်ရာရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဂျာမနီနိုင်ငံ အက်စ်ဆင်န်မြို့တွင် ပြုလုပ်သည့် မော်တော်ကားပြပွဲတစ်ခု၌ မြင်းကောင်ရေအား ၅၅၀ အင်ဂျင်တပ်ဆင်ထားသည့် နောက်ဆုံးပေါ် အေအမ်ဂျီ မာစီဒီးကားတစ်စီးကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အယ်လ်နီညို ရာသီဥတုဆိုး ရှေ့နှစ်လအတွင်း ဖြစ်ပေါ်ဖွယ်အကြောင်းမရှိ

**လီမာ(ပီရူး) နိုဝင်ဘာ ၂၆**

ပစိဖိတ် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ပင်လယ်ပြင် အပူချိန်များသည် လာမည့် နှစ်လအတွင်း ဆိုးရွားသော အယ်လ်နီညို ရာသီဥတု အခြေအနေများ ဖြစ်ပေါ်ဖွယ်ရာမရှိကြောင်း ပီရူးပင်လယ်ရေကြောင်းအဖွဲ့က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

**ပုံမှန်ဖြစ်**

လာမည့်ရှေ့နှစ်လအတွင်း ပစိဖိတ် အရှေ့တောင်ပိုင်းအတွက် ခန့်မှန်းချက်သည် ပုံမှန်ဖြစ်ကြောင်း ကိုလံဘီယာ၊ အီကွေဒေါ်၊ ပီရူးနှင့်အမေရိကန် ပြည်ထောင်စုတို့မှ သိပ္ပံပညာရှင်များ အစည်းအဝေးအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပီရူးပင်လယ်ရေကြောင်းဥက္ကဋ္ဌ ဟူဂိုအာရေဗာလိုက ပြောကြားသည်။

**ကြာမြင့်နိုင်**

အယ်လ်နီညို ရာသီဥတုဆိုးသည် အချိန်ပိုင်းဖြစ်ပေါ်သော ရာသီဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း မူမမှန်သော ရေပူနွေးမှုသည် ၁၈လမျှ ကြာမြင့်နိုင်သည်။

**ရေလွှမ်းမိုး**

၁၉၉၇-၉၈ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော ဆိုးရွားပြင်းထန်သည့် အယ်လ်နီညို ရာသီဥတုကြောင့် ဩစတြေးလျ၌ အကြီးအကျယ် မိုးခေါင်ခဲ့ပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနိုင်ငံတို့လည်း မိုးခေါင်ခဲ့ကာ ချီလီ၊ အီကွေဒေါနှင့် ဘိုလီဗီးယားတို့၌ အကြီးအကျယ် ရေလွှမ်းမိုးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်သော ဒီဗီဒီဝယ်လိုအား မြင့်တက်လာ

လန်ဒန် နိုဝင်ဘာ ၂၆

**နောက်ဆုံးပေါ် နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော ဒီဗီဒီဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဗြိတိန်မှ လျှပ်စစ်ပစ္စည်းကိရိယာများ အကြီးအကျယ်ရောင်းချသည့် ဒစ်ဆွန်ကုမ္ပဏီသည် ဗီစီအာများ ရောင်းချခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း သိရသည်။ ယမန်နှစ်က အမေရိကန်နှင့် ဥရောပအတွင်း ဗီစီအာရောင်းအားများလျော့ကျလာခြင်းကြောင့် ဗီစီအာများအစားဒစ်ဂျစ်တယ်နည်းပညာမြင့်မားစွာ ထုတ်လုပ်ထားပြီး မှတ်တမ်းတင်ပြုလုပ်နိုင်သော ဒီဗီဒီများကို ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။**

၁၉၇၀ ပြည့် နှစ်လယ်ခန့်က ဖီးလစ်ကုမ္ပဏီက ဗီစီအာများ စတင်တီထွင်ခဲ့ရာ အဆိုပါ ဗီစီအာအတွက် (ဒေါ်လာငါးထောင်)ခန့်ကုန်ကျမည်ဖြစ်ကာ (ဒေါ်လာတစ်ရာ)တန်သော ၄၅ မိနစ်စာ တိပ်ခွေတစ်ခွေလည်း လိုအပ်မည်ဖြစ်သည်။

**အရောင်းထိုင်း**

၁၉၈၀ ပြည့်နှစ်များ၌ မှတ်တမ်းသွင်းခြင်းလုပ်ငန်း ထွန်းကားလာခဲ့ရာ ၁၉၉၀ပြည့်နှစ် တစ်နှစ်တည်းမှာပင် ဗီစီအာလုံးရေ သန်းနှစ်ရာခန့် ရောင်းချနိုင်ခဲ့သည်။ သို့ရာတွင် °8 track LP ခေါ် နည်းပညာသစ်ပေါ်ထွန်းလာပြီးနောက် ဗီအိပ်ချ်အက်စ် ဗီဒီယိုတိပ်ခွေများ အရောင်းထိုင်းသွားခဲ့သည်။

ယခုခေတ်ပေါ် ဒီဗီဒီများထုတ်လုပ်ရာတွင် ပြိုင်ဆိုင်မှုအလွန်များကြောင်း ထို့အပြင် ဒီဂျစ်တယ်ဗီဒီယိုမှတ်တမ်း ကိရိယာခေါ် DVCRများနှင့် ဒီဗီဒီထက်ဆယ်ဆသာလွန်သော ဘလူးရေးလ် နည်းပညာသုံးစက်များလည်း ထုတ်လုပ်လာကြပြီဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အဆင့်မြင့်နည်းပညာသုံးပြီး စျေးဝယ်နည်း တိုကျိုကုန်စည်ပြပွဲ၌ ပြသ

**တိုကျို နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံတိုကျိုမြို့၌ မကြာမီက ပြသခဲ့သော ကုန်စည်ပြပွဲတစ်ရပ်တွင် အဆင့်မြင့်နည်းပညာအသုံးပြုကာ စျေးဝယ်နည်းတစ်ရပ်ကိုပါ ထည့်သွင်းပြသခဲ့သည်။ ဤစနစ်အရ ငွေကြေးကိုင်ဆောင်သွားရန်မလိုဘဲ မိုဘိုင်းလ်ဖုန်းကို အသုံးပြုခြင်းဖြင့် ကုန်စုံဆိုင်အတွင်းရှိ မိမိဝယ်လိုသည့်ပစ္စည်း ရှိရာနေရာကို အလွယ်တကူ သိရှိနိုင်သည်။

ပစ္စည်းထည့်ရန် လှည်းမှာ ကွန်ပျူတာတပ်ဆင်ထားပြီး ပစ္စည်းတန်ဖိုးအပြင် ပစ္စည်းကိုထုတ်လုပ်ပုံ၊ ထုတ်လုပ်သည့်နေရာနှင့် သယ်ယူသည့်နည်းလမ်းတို့ကိုပါ သိရှိနိုင်စေသည်။ ထို့အပြင် ချက်ပြုတ်ရမည့် နည်းလမ်းများနှင့် တွဲဖက်စားသုံးရမည့် ဟင်းလျာများကိုလည်း ကွန်ပျူတာ၌ ဖော်ပြထားသည်။

ဝယ်ယူပြီးစီးပါက ကုန်ကျငွေကို စက်ကတွက်ချက်ပြီးဖြစ်ကာ ငွေဖြင့်ပေးချေရန်မလိုဘဲ မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် ငွေစာရင်းမှနုတ်ယူပြီးသားဖြစ်သည်။ အဆိုပါ စနစ်ကို မကြာမီ ဆိုင်ကြီးများတွင် အသုံးပြုတော့မည် ဖြစ်သည်။ **(စီအင်န်အင်န်)**

# ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တိုက်ကြီးမြို့နယ် ကျေးလက်လမ်းများစစ်ဆေး လမ်းအရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၇

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့သို့ ရောက်ရှိပြီး တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ပြနှင့် ကျေးလက်လမ်းများ ဆောင်ရွက်ထားမှုအခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဥက္ကံ–စမ်းရွာ ကျေးလက်လမ်း အရှည် ၆ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး **(ယာအောက်ပုံ)** လမ်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရုံးပေါင်းစုံလမ်း အရှည်ပေ ၁၂၀၀ ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ပံ့ပိုးပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ရှိသူများက မြို့ပြနှင့်ကျေးလက်လမ်းများပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

### ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပါရမီရိပ်သာ(၂)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထပ်မံဖောက်လုပ်ရန် လျာထားသည့် လမ်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၇

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။**

### ဆက်သွယ်လှူဒါန်းနိုင်

**စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၃၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။**

(နယ်စပ်/စည်ပင်)



# စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူးကျင်းပမည့် စီးပွားရေးတက္ကသိုလ် ရန်ကုန် နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အခန်း(၁၀)၌ ဒီဇင်ဘာ ၁၈ ရက်(စနေနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားရာ စီးပွားရေး တက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီတက်ရောက်ကြရန်နှင့် အသက် ၆၀ ပြည့်သော ဆရာမကြီး၊ ဆရာကြီးများ အားလုံး တက်ရောက်ကြပါရန် အသင်းက အသိပေး ပန်ကြားထားသည်။

အဆိုပါ စီးပွားရေးတက္ကသိုလ် ပတ္တမြားရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေများကို ဦးစိုးတင့်အောင် ဥက္ကဋ္ဌ ဖုန်း–၅၃၄၄၁၂၊ ၅၂၆၀၉၆၊ ဦးသင်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း–၆၅၂၀၆၅၊ ၇၂၅၅၉၆၊ ဦးလှငြိမ်း အတွင်းရေးမှူး ဖုန်း–၅၈၁၃၀၅၊ ၅၃၄၄၀၄၊ ဒေါ်နန့်မေစန်း စာရင်းစစ် ဖုန်း–၂၂၁၃၁၈၊ ၃၇၇၂၉၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## သာယာမည်

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။**

**သုတဘဏ် စာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ် တင်ခ) က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)**

# (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၇

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံမှထွက်ခွာပြီး ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့ရာ (၁၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဆက်လက် တက်ရောက်ရန် ကြိုတင်ရောက်ရှိနေသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူများက ဖနောင်ပင်လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။**

### တက်ရောက်

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Intercontinental Hotel ၌ နိုဝင်ဘာ ၂၃ ရက်၌ ကျင်းပသော (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ နိုဝင်ဘာ ၂၄ရက်တွင်ကျင်းပသော တတိယအကြိမ် အာဆီယံ–တရုတ်ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ကြသည်။

### အဖွင့်အမှာစကားပြော

(၁၀)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင် တက်ရောက် အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

### ပြန်လည်ရောက်ရှိ

(၁၀)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် စတုတ္ထအကြိမ် လေကြောင်းပို့ဆောင်ရေးကမ်းလှမ်းချက် ကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြစာချုပ် (Protocol To Implement the Fourth Package of Commitments on Air Transport Services under the ASEAN Framework Agreement on Services) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်လိုက်ပါလာရာ နိုဝင်ဘာ ၂၅ ရက် ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သုတဘဏ်စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ် စာတမ်းဖတ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးတည်ရှိရာ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)၌ ကျင်းပသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က စာတမ်းရှင်များနှင့် မိတ်ဆက်အမှာစကားပြောကြားသည်။

### ပြန်လည်ဖြေကြား

ထို့နောက် စာတမ်းရှင် ရွှေဘိုမိမိကြီးက "ပေစာထုပ်ကြိုးပေါ်မှ ဆုတောင်းစာများ" စာတမ်းနှင့် စာတမ်းရှင် ဦးအေးချို (မဟာဝိဇ္ဇာ)က ၁၈၈၅ ခုနှစ်အထိ ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များအပိုင်း(၂) စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။ယင်းနောက် စာတမ်းရှင်များက စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကိုပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၈–၁၁–၂၀၀၄ရက်နေ့**

**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်**

**(၁၂–၁၂–၂၀၀၄)ရက်နေ့ နှင့် (၂၆–၁၂–၂၀၀၄)ရက်နေ့**

❒ *ကျောဖုံးမှ*

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ အာရှဂူရှူးအဖွဲ့ချုပ်အလုပ်အမှုဆောင်ဦးခင်မောင်လေးတို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E.Mr. Li Zhijian နှင့်အတူ အာရှဂူရှူးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော Mr. Francis Chan Tek Lok နှင့် Mr. Hoang Vinh Giang၊ အထွေထွေအတွင်းရေးမှူး Mr. Kyuhei Muraoka၊ အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Wang Xiaolin နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E.Mr. Li Zhijian အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ ခမ်းနားသိုက်မြိုက်စွာကျင်းပပြီးစီး မြန်မာနိုင်ငံက ရွှေ ၅ ခု၊ ငွေ ၈ ခု၊ ကြေး ၉ ခုဖြင့် တတိယရရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ ပြိုင်ပွဲပိတ်ပွဲအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရွှေတံဆိပ် ၂၁ခု၊ ငွေတံဆိပ် ၂ခု၊ ကြေးတံဆိပ် ၁ ခု ဖြင့် ပထမ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၁၀ခု၊ ကြေးတံဆိပ် ၁၅ခု ဖြင့် ဒုတိယ၊ မြန်မာနိုင်ငံက ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၈ ခု၊ ကြေးတံဆိပ် ၉ ခုဖြင့် တတိယရရှိသွားကြသည်။**

**တက်ရောက်အားပေး**

ယနေ့ကျင်းပသော ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအားကစားဝန်ကြီးဌာနဝန်ကြီး Mr. Li Zhijian၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဦးဆောင်နာယကအဖွဲ့ဝင်များ၊ ကမ္ဘာ့ဂူရှူးအဖွဲ့ချုပ်နှင့် အာရှဂူရှူးအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ပထမရွှေတံဆိပ်**

ယနေ့ကျင်းပသည့် နံနက်ပိုင်းပွဲစဉ်များအပြီးတွင် အမျိုးသမီး Nanguan Combine ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၂၇ဒသမ၉၅မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မကာအိုမှ Huang Yan Hui က ၂၇ဒသမ၇၈မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Thi Ngoc Oanh က ၂၇ဒသမ၇၇မှတ်ဖြင့် တတိယကြေးတံဆိပ် ရရှိသည်။

အမျိုးသား Nanguan Combine ပြိုင်ပွဲ၌ မလေးရှားမှ Ho Ro Bin က ၂၇ဒသမ၉၁မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှဇော်ဇော်မိုးက ၂၇ဒသမ၉၁မှတ်ဖြင့်ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်မှ Le Quang Hug က ၂၇ ဒသမ ၉၀ မှတ်ဖြင့် တတိယကြေးတံဆိပ် ရရှိကြသည်။

အမျိုးသမီး Nangun ပြိုင်ပွဲ၌ မကာအိုမှ Huang Yan Hui က ၉ဒသမ၃၀ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉ဒသမ ၂၇မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဂျပန်မှ Sachiko Takeda က ၉ဒသမ ၂၆မှတ်ဖြင့် တတိယကြေးတံဆိပ် ရရှိကြသည်။

အမျိုးသား Nandao ပြိုင်ပွဲ၌ မလေးရှားမှ Ho Ro Bin က ၉ဒသမ ၃၅ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုးက ၉ဒသမ၃၃ မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်မှ Le Quang Huy က ၉ဒသမ ၃၀မှတ်ဖြင့် တတိယကြေးတံဆိပ် ရရှိကြသည်။

အမျိုးသမီး ChangQuan ပြိုင်ပွဲ၌ ဗီယက်နမ်မှ Nguyen Thi My Duc က ၉ဒသမ၃၃မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မကာအိုမှ Han Jing က ၉ဒသမ၂၈မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်မှ Dan Thanh Xuan က ၉ဒသမ၂၃မှတ်ဖြင့် တတိယကြေးတံဆိပ် ရရှိကြသည်။

ညနေပိုင်းပွဲစဉ်များအပြီးတွင် အမျိုးသား Chang Quan ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပြည့်ဝေဖြိုးက ၉ဒသမ ၃၅မှတ်ဖြင့်ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်မှ Arvin Ting က၉ဒသမ၃၀မှတ်ဖြင့်ဒုတိယငွေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Tien Dat က၉ဒသမ၂၈မှတ်ဖြင့်တတိယကြေးတံဆိပ်ရရှိကြသည်။

အမျိုးသား Dual Events ပြိုင်ပွဲ၌ မြန်မာနိုင်ငံက ပြည့်ဝေဖြိုးနှင့် အောင်စည်သူတို့က ၉ဒသမ၃၀မှတ်ဖြင့်ပထမရွှေတံဆိပ်၊ ဟောင်ကောင်မှ Chow Ting Yu နှင့် Chan Siu Kit တို့က ၉ဒသမ၂၈မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ မကာအိုမှ Jia Rui နှင့် Ng Leong Chun တို့က ၉ဒသမ ၂၅မှတ်ဖြင့် တတိယကြေးတံဆိပ်ရရှိကြသည်။

အမျိုးသား ဆန်းဆို ၇၅ကီလိုပြိုင်ပွဲ၌ အီရန်မှ Hossein Jaghi က ပထမရွှေတံဆိပ်ရရှိပြီး မြန်မာနိုင်ငံမှ စသာငွေးက ဒုတိယငွေတံဆိပ်ရရှိသည်။

ချမ်းချွမ်၊ ချမ်းစုနှင့် ကျန့်စုပြိုင်ပွဲသုံးမျိုး၌ မြန်မာနိုင်ငံမှ ပြည့်ဝေဖြိုးက ငွေတံဆိပ်ထပ်မံရရှိသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါ အောင်နိုင်ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အာရှဂူရှူးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဂူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၂၇

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာဂူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး Mr.Wang Xiaolin ဦးဆောင်သော တာဝန်ရှိသူများ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အားကစားကလောင်ရှင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များမှ စာတည်းနှင့်သတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသတင်းထောက်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာရှဂူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Kyuhei Muraoka က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ယခု(၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံအများဆုံးပါဝင်သော ပြိုင်ပွဲဖြစ်သကဲ့သို့ အရည်အချင်းမြင့်မားသောပြိုင်ပွဲလည်းဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲအပြင် မြန်မာနိုင်ငံ၌ အာရှဂူရှူးအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာဂူရှူးအဖွဲ့ချုပ်တို့၏ အစည်းအဝေးများကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ သို့အတွက်ကြောင့် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်အနေဖြင့်လည်း ဆယ်နှစ်တာကာလအတွင်း အလွန်တိုးတက်မှုရှိလာသည်ကို တွေ့ရကြောင်း၊ ဂူရှူး အင်အားကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနောက်တွင် မြန်မာနှင့် ဗီယက်နမ်တို့ ကြိုးစားအမီလိုက်နေသည်ကို တွေ့ရကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး Mr. Wang Xiaolin က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရှင်းလင်းတင်ပြရာတွင် "ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရေးအတွက် ၂၀၀၀ပြည့်နှစ် (၅)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံအပါအဝင် လေးနိုင်ငံက အာရှဂူရှူးအဖွဲ့ချုပ်သို့ တင်ပြခဲ့ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရန် ကန့်ကွက်သူမရှိ၍ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲသည် လေးနှစ်တစ်ကြိမ် ကျင်းပသည့်ပြိုင်ပွဲဖြစ်ကြောင်း၊ နိုင်ငံတော်ကပံ့ပိုးပေးခဲ့၍ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများနှင့် တာဝန်ရှိသူများကလည်း မြန်မာတို့၏ဧည့်ဝတ်ကျေပွန်မှုကို ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း၊ ၂၀၀၈ခုနှစ် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဂူရှူးအားကစားနည်းပါဝင်ခွင့်ရရှိရေးအတွက် အာရှက ကြိုးစားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်အနေဖြင့်လည်း ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကိုရည်ရွယ်၍ ကြိုးစားလျက်ရှိကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၂၃၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# မြို့ပြနှင့်ကျေးလက်လမ်းတံတားဆောင်ရွက်မှု စည်ပင်သာယာရေးညွှန်ကြားရေးမှူးချုပ်ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ၏ မြို့ပြနှင့်ကျေးလက် လမ်းတံတား ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ကွမ်းခြံကုန်းမြို့သို့ရောက်ရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော အဖွဲ့ပိုင် ပျိုးဥယျာဉ်၊ လျှပ်စစ်ရုံးလမ်း ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မကျီးကန် ငှက်အော်စမ်းလမ်း ဂဝံခင်းခြင်းနှင့် တံတားတည်ဆောက်နေခြင်းများကို ကြည့်ရှုစစ်ဆေး၍ အချိန်မီပြီးစီးရေး မှာကြားသည်။ ထိုမှတစ်ဆင့် တွံတေးမြို့သို့ရောက်ရှိပြီး ရွှေဆံတော်ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၂၆ရက်က တောင်ဥက္ကလာပမြို့နယ် အနေးယာဉ်အခြေစိုက်ရုံးမှ ကြီးမှူးကျင်းပသော (၁၁)ကြိမ်မြောက် အနေးယာဉ်လုပ်သားများ၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၆ရက်က ပြုလုပ်ရာ ပဒေသာပင် ၆၃ပင်ကို အမှတ်(၂)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(စလေသီဂီ)သို့ လှည့်လည်သယ်ဆောင်ကြစဉ်။** (က-ပ)





နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ ပခုက္ကူမဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်၏ အန္တိမ ဈာပန သာခုကီဠနပူဇာသဘင် အခမ်းအနားတွင် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်စဉ်။ (သတင်းစဉ်)

# ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ဘဒ္ဒန္တသောဘိတ၏ ဥတုဇရုပ်ကလာပ်တော်အားအန္တိမဈာပနသာခုကီဠနပူဇာသဘင်ကျင်းပပြီးတေဇောဓာတ်ဖြင့်မီးပူဇော်

## အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၇

**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ ပခုက္ကူမဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်တို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမဈာပနသာခုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ကျင်းပပြီး ဥတုဇရုပ်ကလာပ်တော်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်းရှိ လောင်တိုက်တော်၌ တေဇောဓာတ်ဖြင့် အဂ္ဂိဈာပနမီးပူဇော်ကြသည်။**

### တက်ရောက်ကြည်ညို

အန္တိမဈာပနသာခုကီဠန ပူဇာသဘင် အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသနှင့် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရတို့အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ၊ ပခုက္ကူမဟာဝိသုတာရာမနိကာယနှင့် မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်ကြီးတို့မှ ဆရာတော်သံဃာတော်များ၊ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော်၊ တိုက်အုပ်ဆရာတော်၊ နာယကဆရာတော်များနှင့် စာချ စာသင် သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့်သံဃာတော်များကြွရောက်တော်မူ၍ သံဝေဂဉာဏ်ပွားများကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဈာပန ကျင်းပရေးကော်မတီနှင့်ဆပ်ကော်မတီ ဝင်များ၊ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင် ရှိန်၊ ခရိုင်၊မြို့နယ်နှင့်ရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ရန်ကုန်မြို့ရှိ ဘာသာရေးအသင်း အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော် များနှင့် တပည့်ဒါယကာ ဒါယိကာမ များ၊ ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေး ဦးစီးဌာန ရန်ကုန်တိုင်း သာသနာရေး ဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနား မှူးအဖြစ် ဆောင်ရွက်ပြီး ရေးဦးစွာ အခမ်းအနား အစီအစဉ်များကို ဖတ် ကြား လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော် များနှင့် ပရိသတ်တို့က သဗ္ဗေသင်္ခါရာ အနိစ္စာတိအစရှိသော သံဝေဂ သုံး ဂါထာကို ရွတ်ဆိုပွားများ၍ အခမ်း အနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေ ဘုံစံဆရာတော်ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အောင်မြေ ဘုံစံဆရာတော်ကြီးအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ် ကြီးရဲမြင့်က နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်ကြီးအား လည်း ကောင်း၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူ ဆရာတော်ကြီးအား လည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာန ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာ တော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

### လွမ်းခြုံပူဇော်

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တိုင်းမှူးတို့က ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီး ဌာန၏ ဆရာတော်၏ ဘွဲ့ပုံတော် စိန်ကတ္တီပါကို ဆရာတော်ကြီး၏ ရုပ် ကလာပ်တော်ပေါ်၌ လွှမ်းခြုံပူဇော်ကြ သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏သံဝေဂဉာဏ်ပွားတော် မူကြောင်း သဝဏ်လွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌ ဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသကဖတ်ကြားတော်မူပြီး ပခုက္ကူ မဟာဝိသုတာရာမိက ဂဏ ဝါစကနိကာယ ဗဟိုဌာနမှ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက် အကျိုးတော် ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပခုက္ကူ ဆရာတော် ဘဒ္ဒန္တဝိစာရကဖတ်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် က သာသနာရေးဝန်ကြီးဌာန၏ ဝမ်း နည်းကြောင်းသဝဏ်လွှာကို ဖတ်ကြား သည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီမှ ပေးပို့ သော ဝမ်းနည်းကြောင်း သဝဏ်လွှာ ကို သာသနာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ဖတ် ကြားသည်။

### ဖတ်ကြားပူဇော်

ယင်းနောက်ဘဝနတ်ထံဝင်စံတော် မူသော ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ တော်အကျဉ်းကို ဆရာတော်ကြီး၏ တပည့် ပိဋကတ်သုံးပုံ နိကာယ်စာသင် တိုက် ပဓာန နာယက တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာ ဘိဝံသက ဖတ်ကြားတော်မူပြီး မြင်းခြံ မြို့ ကိုးဆောင်ကျောင်းတိုက် စာချ ဂဏဝါစက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပဒုမက 'ပစ္ဆိမ ဝန္ဒနာ' ဂါထာ ဖြင့် ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက သာသနာတော် ထွန်း ကားပြန့်ပွားရေးဦးစီးဌာန အကြံပေး အရာရှိ ဦးမင်းကြည် ရေးစပ်သီကုံး သော "မဟာထေရဂုဏ ပူဇနိယ ကထာ ရှစ်ဆယ်ပေါ်တေးထပ်" ကို မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်း အဖွဲ့နှင့် တွဲဖက်၍သီဆိုပူဇော်သည်။

### ရေစက်သွန်းချအမျှဝေ

ထို့နောက် ပရိသတ်တို့က ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ ထံမှ သံဝေဂကထာတရားတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိ တ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလော ကာဘိဝံသက အပြစ်ရှိကခွင့်လွှတ် တော်မူပါရန် တောင်းပန်ကန်တော့လွှာ ကို ပရိသတ်တို့အား တိုင်ကြားပေးပြီး ပရိသတ်တို့က ဆရာတော်ကြီးအား ဦးညွတ်ရိုကျိုး ရှိခိုးကန်တော့ကြသည်။

### ရထားပေါ်ပင့်ဆောင်

ထို့နောက် ရန်ကုန်တိုင်းသာသနာ ရေးဦးစီးမှူး ဦးစံသင်းလှိုင်က နတ်မြင်း ပျံရထားပေါ်သို့ ကြွချီတော်မူပါမည့် အကြောင်း အဘိယာဇန နိမန္တနဂါထာ ဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာ တော်ကြီး၏ ရုပ်ကလာပ်တော်အား ဆရာတော်ကြီး၏ တပည့်သံဃာတော် များ၊ ဈာပနကျင်းပရေးကော်မတီဝင် များ၊ ဆရာတော်ကြီး၏ဆွေတော် မျိုး တော်များနှင့် တပည့်ဒါယကာ ဒါယိကာမများက စံကျောင်းတော် မဏ္ဍပ်အတွင်းမှ အလှည့်ကျပင့်ဆောင် ကြကာ နတ်မြင်းပျံရထားပေါ်သို့ ပင့် ဆောင်ကြသည်။

ထိုသို့ဆရာတော်ကြီး၏ရုပ်ကလာပ် တော်အား နတ်မြင်းပျံရထားပေါ်သို့ ပင့်ဆောင်ရာတွင် နတ်မင်းကြီးလေး ပါးတို့က ထီးဖြူတော်များဖြန့်မိုးလျက် ဆွေတော် မျိုးတော်များနှင့် တပည့် ဒါယကာ ဒါယိကာမများ၊ဝတ်အသင်း အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လက် အုပ်ချီမိုးကြကာ လိုက်ပါပင့်ဆောင်ကြ သည်။ ထိုအချိန်တွင် မင်္ဂလာဆိုင်း အဖွဲ့က ဓမ္မတေးများဖြင့် သီဆိုတီးခတ် ပူဇော်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ၏အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏အဓိပတိ မြင်းခြံမြို့ကိုးဆောင်ကျောင်း တိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီး ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်၏ အန္တိမ ဈာပန သာခုကီဠနပူဇာသဘင်အခမ်းအနားတွင် ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးရုပ်ကလာပ်တော်အား စံကျောင်းတော်မဏ္ဍပ်အတွင်းမှ နတ်မြင်းပျံရထားပေါ်သို့ ပင့်ဆောင် ကြစဉ်။ (သတင်းစဉ်)**

# အငြိမ်းစားတို့ စကားဝိုင်း

## ဟိန်းမြင့်

ကျွန်တော်တို့ မိတ်ဆွေသူငယ်ချင်းများ အားလုံးလိုလိုပင် အသက်(၆၀) ကျော်များဖြစ်ကြသဖြင့် အသက်အရွယ်အရ သူ့ကျွန်ဘဝ ခေတ်ကာလကို ကလေးငယ်များအဖြစ်၊ ပါတီစုံဒီမိုကရေစီခေတ်ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသား လူငယ်များအဖြစ် ဖြတ်ကျော်ခဲ့ကြရသူများ ဖြစ်ကြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု တပ်မတော်အစိုးရ လက်ထက်တွင်မှ ဝန်ထမ်းဘဝ အဖြစ်နှင့်ပင် ဆက်လက် တာဝန်ထမ်းဆောင်၍ အသက်(၆၀) ကျော်ခဲ့ကြရာမှ အငြိမ်းစားရယူခဲ့ကြသူများ ဖြစ်ကြသည်။

သို့ပါ၍ ကျွန်တော်တို့အရွယ် မိတ်ဆွေများအားလုံးသည် ခေတ်ကာလ အမျိုးမျိုးကို ကြုံတွေ့ခဲ့ကြရသည်နှင့်အညီ အကောင်းအဆိုး၊ အကျိုးအပြစ်များကို ဝေဖန်ပိုင်းခြားနိုင်သည့် အရွယ်များဖြစ်ကြသည်ဟု ဆိုနိုင်ပေမည်။

စစ်ဘက်၊ နယ်ဘက် ဝန်ထမ်းများဘဝမှ သက်ပြည့် အငြိမ်းစားရယူခဲ့ကြသူများ ဖြစ်ကြသည့်အလျောက်လဲ အငြိမ်းစားဘဝတွင် စားဝတ်နေရေး၊ မိသားစုများအရေးတွင် အထိုက်အလျောက် ရုန်းကန်လှုပ်ရှားနေကြရပေရာ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်မျှလောက်သာ ဆုံတွေ့၍ နှောင်းအတိတ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် လက်ရှိဘဝအတွေ့အကြုံအဖြစ်အပျက်များကို စကားဝိုင်းဖွဲ့ ဆိုကြရပါသည်။

ယနေ့ စကားဝိုင်းတွင်မူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သတင်းစာများတွင် ပူးတွဲပါရှိသည်ကို ဖတ်ရှုထားရသဖြင့်...

"မူဆယ် အဂတိလိုက်စားမှုကြီးက ကြောက်ခမန်းလိလိပဲဟေ့"

"နှစ်လသုံးလအတွင်း ဖြစ်ခဲ့တဲ့ပမာဏဆိုတော့ နှစ်နဲ့ဆိုရင် မတွေးရဲစရာပဲ"

"ဒီလို အဂတိလိုက်စားမှုကြီးတွေကနေ ဆက်စပ်လိုက်ရင် တို့ဘယ်လိုမှ လိုက်မမီနိုင်တဲ့၊ ဝယ်ဖို့ စိတ်ကူးထဲတောင်မထည့်နိုင်တဲ့ အိမ်ဈေး၊ မြေဈေး၊ ကားဈေး စတဲ့ တန်ဖိုးရှိပစ္စည်းတွေကို ဝယ်နိုင်သူတွေက ဝယ်ထားကြတော့ ဈေးနှုန်းအဆမတန် မြင့်မားနေတာတွေ ဘယ်လိုမှ ဈေးမကျတာပေါ့"

"အေးလေ–အခုဖြစ်စဉ်ကြောင့် တပ်နဲ့ဌာနသုံးခုက ဝန်ထမ်း ၁၈၆ယောက် ဥပဒေအရ အရေးယူအပြစ်ဒဏ်ခံကြရတာ နိုင်ငံအတွက် နစ်နာတာပဲ"

"တိုက်ရိုက် တာဝန်ရှိသူများအနေနဲ့ ကြီးတင်ကာကွယ် ထိန်းသိမ်းမှု၊ ကွပ်ကဲကြပ်မတ်မှု အားနည်းခဲ့လို့ အခုလို အပ်နဲ့ထွင်းရမယ့်အစား ပုဆိန်နဲ့ ပေါက်ရတော့ အပြစ်ပေးခံရသူများလဲ နာကြရ၊ နိုင်ငံတော်လဲ ဝန်ထမ်းများ ဆုံးရှုံးရတာပေါ့"

"အေးကွာ–ဗိုလ်ချုပ်မှူးကြီး မကြာခဏပြောနေတဲ့ "ငါ့အတွက်၊ ငါ့မိန်းမ အတွက်၊ ငါ့သားသမီးအတွက်၊ ငါ့အမျိုးအတွက် 'င' လေးလုံးကို ရှောင်ပြီး ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ဆိုတာကို လိုက်မှ မလိုက်နာကြပဲကိုး"

'င' လေးလုံးကို အာဏာနဲ့လုပ်ပိုင်ခွင့်ရှိတဲ့ နေရာတွေမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ သူတွေအားလုံး သတိထားလိုက်နာကြမယ်၊ ကိုယ်ကိုယ်တိုင်လဲ ရှောင်ကြဉ်ကြ၊ ကိုယ့်လက်အောက်ကိုလဲ ရှောင်ကြဉ်ကြဖို့ ကြပ်မတ်ကြ၊ ကိုယ့်ဇနီး၊ သားသမီးများကိုလဲ ဆင်ဆင်ခြင်ခြင်နေကြဖို့ ထိန်းသိမ်းကြမယ်ဆိုရင် မဖြစ်သင့်တာတွေ မဖြစ်တော့ဘူးပေါ့ကွာ"

ယခုလို စကားဝိုင်းဖွဲ့ပြောဆိုနေရင်း တရုတ်ပြည်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ကျွန်တော့်ကို တရုတ်ပြည်မှာရော ဒီလိုအဖြစ်မျိုးတွေ မရှိဘူးလားလို့ မေးကြလေရဲ့ ...

"ရှိပေါ့ကွာ၊ ငါတာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်းမှာပဲ ယန်စီမြစ်ရေကြီးလို့ ရေကာတာတွေ ပြိုကျတော့မှ ရေကာတာဆောက်လုပ်ရာမှာ စံချိန်မီအောင် မဆောက်ခဲ့တာတွေ၊ တံတားတစ်ခု ပြိုကျတဲ့အတွက် လူသေခဲ့ကြရာမှ တံတားကို ခိုင်ခံ့စွာ စံချိန်နဲ့အညီ မဆောက်ခဲ့တာတွေ၊ အဝေးပြေးလမ်းမကြီးဖောက်လုပ်ရာမှာ လမ်းမဖွင့်မီ ပျက်စီးခဲ့တာတွေ၊ မှောင်ခိုမှုတွေ၊ အဂတိလိုက်စားခဲ့မှုတွေ အများအပြားရှိခဲ့တယ်။ တွေ့ရှိတိုင်းလဲ ပြတ်ပြတ်သားသား အရေးယူပြီး သတင်းတွေဖော်ပြခဲ့ကြတယ်"

"ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းသွားတဲ့ နိုင်ငံတွေမှာ မလွဲမသွေ ဖြစ်ကြမှာပဲ၊ ဒါကို ဂရုပြု ကြပ်မတ်ဆင်ခြင်ကြရမှာပဲလေ"

"အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကို ဖျက်လိုက်တာလဲ သိပ်မှန်တယ်ကွ၊ မြို့တိုင်း နေရာတိုင်းမှာလိုလို အဲဒီအဖွဲ့တွေကို ကြောက်နေကြရတာ"

"အာဏာနဲ့ လုပ်ပိုင်ခွင့်တွေရှိနေတော့ တာဝန်ကိုဆောင်ရွက်ကြရင်း ကိုယ့်အကျိုးအတွက် လုပ်တာတွေဖြစ်လာ၊ ကြပ်မတ်ကွပ်ကဲမှုကလဲ အားနည်းဆိုတော့ တဖြည်းဖြည်း ပိုဆိုးလာတာပေါ့။ လူတိုင်းတော့လဲ မဟုတ်ဘူးပေါ့ကွာ။ အကောင်းအဆိုး ဆိုတာ ဒွန်တွဲနေမှာပဲလေ"

"တရားမဝင် တင်သွင်းလာတဲ့ကားတွေကို မြို့တိုင်းလိုလိုမှာ သုံးနေကြတာ အများအပြားပဲဟ၊ နိုင်ငံအတွက် အကျင့်ပျက်မှုကို ဖြစ်စေတဲ့ Without ကားတွေ အခု သိမ်းနေတာတွေ့ရလို့ ဝမ်းသာစရာပဲ"

"အကျင့်ပျက်မှု၊ အဂတိလိုက်စားမှု၊ တရားမဝင် ခိုးသွင်းခိုးထုတ်လုပ်နေမှုတွေကို အခုပညာပေး ဖမ်းဆီးအရေးယူနေတာတွေဟာ နိုင်ငံအကျိုးအတွက် အကောင်းဘက်ကို ဦးတည်နေတာပဲလို့ တွေ့ရတယ်။ ဒီလို တိတိကျကျအရေးယူတာကြောင့် တချို့လဲ အရှိန်ရပ်တန့်လို့ ပြုပြင်နေတဲ့ သတင်းတွေလဲကြားရတယ်။ ဆက်လုပ်နေကြမယ်ဆိုရင်တော့ အရေးယူခံရမှာ အမှန်ပဲ"

"အေးဒါနဲ့ လက်ရှိ အကြီးအကဲတွေကို သဘောထားတင်းမာသူများလို့ ပြည်ပသတင်းမီဒီယာတွေက ပြောနေကြတာ ကြားနေရတယ်။ မင်းကတပ်ကနေ ပင်စင်ယူထားတယ်ဆိုတော့ ပြောစမ်းပါဦး"

"ဒီလို ပြောနေကြတာက တစ်အချက် တပ်ရဲ့ကွပ်ကဲကြပ်မတ် အုပ်ချုပ်မှု သဘောတရားကို နားမလည်ကြလို့ပဲ"၊ "နှစ်အချက်ကတော့ ပြည်သူတွေ ထင်ယောင်ထင်မှား ဖြစ်အောင် တမင်ဝါဒဖြန့်ချိနေတာပဲ"

"ရှင်းစမ်းပါဦးကွာ"

"မြန်မာ့တပ်မတော်ရဲ့ အစဉ်အလာအရ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပဲ ရှိတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဦးဆောင်ကွပ်ကဲကြပ်မတ် လမ်းညွှန်မှုကိုခံယူပြီး အဆင့်ဆင့်ကွပ်ကဲကြပ်မတ် တာဝန်ယူကြရတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူချိန်ကစပြီး ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဦးဆောင်လမ်းညွှန်မှု၊ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နဲ့ ကောင်စီဝင်များ စုပေါင်းတာဝန်ယူ၊ အားလုံး စုပေါင်းတိုင်ပင်၊ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ပြီးမှ နိုင်ငံတော်ရဲ့ မူဝါဒများ၊ နိုင်ငံတော် တည်ဆောက် ရေးမူဝါဒများကို ချမှတ်လုပ်ဆောင်နေတာဖြစ်တယ်"

"စုပေါင်း ဦးဆောင်မှု၊ မိမိကျရာတာဝန်ကို တစ်ဦးချင်း တာဝန်ယူမှုနဲ့ ဆောင်ရွက်နေကြတာ ဖြစ်တယ်ကွာ"

"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးလိုက်တဲ့ မူဝါဒအတိုင်း နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဌာနတွေက လက်တွေ့ အကောင်အထည်ဖော်ကြရတာပါ"

"ဒါကြောင့် **အခု နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်နေတာတွေ၊ တိုင်းရင်းသား အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး လက်တွဲပူးပေါင်း ဆောင်ရွက်နေတာတွေ၊ လက်ရှိ နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားတာတွေဟာ တစ်ဦးတစ်ယောက်ရဲ့ သဘောနဲ့ လုပ်တာမဟုတ်ဘူး၊ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒချမှတ်ပြီး လုပ်ဆောင်နေတာပါ"**

**အခု နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်နေတာတွေ၊ တိုင်းရင်းသား အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး လက်တွဲ ပူးပေါင်း ဆောင်ရွက်နေတာတွေ၊ လက်ရှိ နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားတာတွေဟာ တစ်ဦးတစ်ယောက်ရဲ့သဘောနဲ့ လုပ်တာမဟုတ်ဘူး၊ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒချမှတ်ပြီး လုပ်ဆောင်နေတာပါ။**

"ခြုံပြောရရင် အခုလက်ရှိ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းအားလုံးကို နယကက ချမှတ်ထားတဲ့အတိုင်း အကောင်အထည်ဖော်နေကြတာဖြစ်လို့ ဘယ်သူကတော့ သဘောထား ပျော့ပျောင်းတယ်၊ ဘယ်သူကတော့ သဘောထား တင်းမာတယ်ဆိုတာ မရှိဘူးဟ"

တကယ်တော့ အခုလို ဘယ်သူကတော့ ပျော့ပျောင်းသူ၊ ဒီမိုကရေစီ လိုလားသူ၊ ဘယ်သူတွေကတော့ တင်းမာသူ (Hard Liner)၊ ဒီမိုကရေစီ မလိုလားသူဆိုပြီး ပြည်တွင်း၊ ပြည်ပ ပြည်သူတွေကြားမှာ ဖြစ်လာအောင် ဆောင်ရွက်ခဲ့တာဟာ အကြံသမားတွေက တမင်အကွက်ဆင် ဖန်တီးခဲ့တာသာ ဖြစ်တယ်။ လက်ရှိ နိုင်ငံ့အကြီးအကဲတွေကသာ ဒီမိုကရေစီ မလိုလားဘူး၊ တင်းမာသူတွေ ဖြစ်တယ်ဆိုရင် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ဆိုတာ ပေါ်ပေါက်လာစရာ မရှိဘူး။ ဒီမိုကရေစီကို လိုလားလို့သာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာအောင် လက်တွေ့တည်ဆောက်နေတာ အားလုံးအမြင်ဘဲ မဟုတ်လား။

"ဒါ့အပြင် အစိုးရအဆက်ဆက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေနှင့် ငြိမ်းချမ်းရေးမလုပ်ဆောင်နိုင်ခဲ့တာ၊ အခု တပ်မတော်အစိုးရ လက်ထက်မှာမှ ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်းဝင်လာခဲ့တာ၊ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးရေးအတွက် တည်ဆောက်နေကြတာတွေဟာ တပ်မတော် အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ စစ်မှန်တဲ့သဘောထားကို ပြဆိုနေတာပဲ မဟုတ်လား၊ ပြည်ပ Mediaတွေ အလိုအရဆိုရင် ပျော့ပျောင်းတယ်လို့ မဆိုနိုင်ဘူးလား"

"နောက်ပြီး အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး ဒေသအရေးတွေမှာ ပူးပေါင်းဆောင်ရွက်နေတာ၊ အိမ်နီးချင်း နိုင်ငံများအားလုံးနဲ့ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံနေထိုင်နေတာတွေဟာလဲ ပျော့ပျောင်းမှုရဲ့ သာဓကပါပဲ"

"ငါ့သဘောကို ပြောရမယ်ဆိုရင် နိုင်ငံတော်အစိုးရပဲကွာ နိုင်ငံအကျိုးအတွက်၊ အချုပ်အခြာအာဏာအတွက်ဆိုရင် မာသင့်ရင် မာရမယ်၊ ပျော့သင့်ရင် ပျော့ရမှာပေါ့။ သူများခေါင်းလာခေါက်တာ၊ နားရွက် တံတွေးလာစွတ်တာကို ငုံ့ခံနေလို့ ဘယ်ရမှာလဲ။ ကျူးကျော်စော်ကားလာရင် နိုင်ငံရေးနည်းလမ်း၊ စစ်ရေးနည်းလမ်းတွေနဲ့ ပြန်တိုက်ထုတ်ရမှာပေါ့ကွာ"

နိုင်ငံအတွက် ဘာတစ်ခုမှ ကောင်းကျိုးပြုခဲ့ဖူးတာ မရှိသေးဘဲ ဆိုးကျိုးကိုသာ ရောက်အောင် တစိုက်မတ်မတ် ပြောဆိုလုပ်ကိုင်နေတဲ့ သူတွေနဲ့ ဆွေးနွေးညှိနှိုင်းလို့ အဆင်မပြေဖြစ်နေတာနဲ့ သဘောထားတင်းမာသူများလို့ ဘယ်ပြောလို့ရမလဲ"

"တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့လို့ ငြိမ်းချမ်းရေးရယူ ထားနိုင်တာပဲ၊ ဘယ်အဖွဲ့မဆို နိုင်ငံအကျိုးအတွက်ကိုသာ ရှေးရှုပြီး မိမိပါတီအကျိုး၊ မိမိအကျိုးကို ဦးစားမပေး၊ ရှေ့တန်းမတင်ဘဲ ဆွေးနွေးကြမယ်ဆိုရင် မအောင်မြင်စရာ မရှိပါဘူးလို့ ယုံကြည်တယ်ကွာ၊ စေတနာမှန်ဖို့သာ လိုပါတယ်"

ထိုသို့ စကားဝိုင်းပြောဆိုရင်း အိမ်ကဖုန်းလာတာမို့ မပြန်မဖြစ်ကိစ္စလေး တစ်ခုကြောင့် သူငယ်ချင်းများကို နှုတ်ဆက်လို့ပြန်ခဲ့ရပါတယ်။

အိမ်အပြန်လမ်းတွင် "နိုင်ငံတိုင်း နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ဦးတည်ကြိုးပမ်းလုပ်ဆောင်နေကြချိန်တွင် မိမိတို့နိုင်ငံ၌ မိမိပါတီအကျိုး၊ မိမိအကျိုးကို ရှေ့တန်းတင်လုပ်ဆောင်နေကြတာတွေ၊ အဖျက်အမှောင့် လုပ်နေကြတာတွေ၊ အကျင့်ပျက်မှု၊ အဂတိလိုက်စားမှုတွေ အားလုံး ရပ်ဆိုင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအကျိုးကိုသာ စေတနာထားလုပ်ဆောင်ကြမယ်ဆိုရင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်ခုအဖြစ်သို့ အမြန်ဆုံး ရောက်ရှိလာမှာ မလွဲပါ"ဆိုတာကို တွေးတော မြင်ယောင်နေမိပါတော့သည်။ ။

ကျန်းမာရေး ဝန်ကြီးဌာန မြန်မာ နိုင်ငံ သူနာပြု နှင့် သားဖွား ကောင်စီ ၏ ပထမအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၅ ရက်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား ကောင်စီရုံး၌ ကျောင်းပရာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)





**ဖွင့်လှစ်ပေး**

သာကေတမြို့နယ် ရှုခင်းသာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် နိုဝင်ဘာ ၂၂ရက်က မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)






**နိုဝင်ဘာ ၂၄ရက်က မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဤသို့တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။**

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲကျင်းပစဉ်ကပင် အဆိုပြုရသည်။ ယင်းသို့ အဆိုပြုသည့်နိုင်ငံ လေးနိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံကသာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။



**(၆) ကြိမ်မြောက် အာရှဝူရှူး တံ ခွန် စိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ထောက်လု ( နန်း တောင်း ) ပြိုင်ပွဲ၌ မြန်မာ ဝူရှူး အားကစား မယ် ဆွေဆွေသန့် အားနှင့် မာန်နှင့် ယှဉ်ပြိုင်ဟန်။**

ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး (မြန်မာ့အလင်း)

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြိုင်ပွဲဖွင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian က ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

## ဝင်ရောက်ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်နှင့် အာရှဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာဝူရှူးဒိုင်လူကြီးအဖွဲ့ဝင်များ စည်ကားစွာ တက်ရောက်ကြသည်။ ဖွင့်ပွဲကျင်းပသည့်နေ့က စည်စည်ကားကားဖြင့် အားရစရာကောင်းလှသည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ အသင်းပေါင်း ၂၄သင်းမှ အားကစားသမားပေါင်း ၅၃၀ အင်ပြည့်အားပြည့် ပါဝင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များအဖြစ် ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မကာအို၊ ကာဇက်စတန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ယီမင်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့က အုံနှင့်ကျင်းနှင့် အားပါးတရ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

## တအံ့တသြ

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲများကို ပထမအကြိမ်မှ ယခု(၆)ကြိမ်မြောက်အထိ ကျင်းပခဲ့ရာတွင် ယခုအကြိမ်လောက် ပြိုင်ပွဲဝင်ဦးရေများများ ဝင်ရောက်ခဲ့ဖူးခြင်းမရှိသေးဟု အာရှဝူရှူးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများကိုယ်တိုင်က တအံ့တသြ ဝန်ခံပြောကြားသွားသည်။ ၎င်းတို့ကိုယ်တိုင်ကလည်း အချိန်တိုအတွင်း မြန်မာနိုင်ငံ၏ ဝူရှူးအားကစားအဆင့်အတန်း မြင့်မားတိုးတက်လာမှုကို တအံ့တသြဖြစ်ရကြောင်း၊ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်အားကစားပြိုင်ပွဲမှာ အားကစားအရည်အချင်းမြင့်မားပြီး နိုင်ငံတကာအဆင့်မီပြိုင်ပွဲ တစ်ပွဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှုနှင့် ဧည့်ဝတ်ကျေပွန်မှုကို ထူးထူးခြားခြား အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ ယခုပြိုင်ပွဲကြီး၏ အောင်မြင်မှုက ၂၀၀၈ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်



**အမျိုးသမီး ၅၂ကီလိုတန်း ဆန်းဆိုပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဆွေဝင့်(မြန်မာ)က Jennifer Lagilag(ဖိလစ်ပိုင်)အား ဒူးဖြင့်တိုက်ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ဟန်။**

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)



## ခိုင်ခိုင်မော်

**(၆) ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီးထိုက် ချီ ချွမ် ပြိုင်ပွဲ၌ မြန်မာ့လက် ရွေး စင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော် ပါဝင်ယှဉ်ပြိုင်ဟန်။**

(ဓာတ်ပုံမှတ်တမ်း- သတင်းစဉ်)

ပြိုင်ပွဲကြီးကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲကြီးက အာရှနိုင်ငံများ၏ စုစည်းညီညွတ်မှုကို သက်သေပြလိုက်ခြင်းဖြစ်ကြောင်းဖြင့် ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲကြီး၏ အောင်မြင်မှုနှင့်စပ်လျဉ်း၍ ချီးကျူးဂုဏ်ပြု စကားပြောကြားသွားကြသည်။

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေတံဆိပ် ၂၁၊ ငွေတံဆိပ် ၂၊ ကြေးတံဆိပ် ၁ ဖြင့် ပထမရရှိပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ရွှေ ၅၊ ငွေ ၁၀၊ ကြေး ၁၅ ဖြင့် ဒုတိယရရှိကာ မြန်မာနိုင်ငံက ရွှေ ၅၊ ငွေ ၈၊ ကြေး ၉ ဖြင့် တတိယရရှိခဲ့ပေသည်။

## တက်လှမ်းနိုင်ခဲ့

ဝူရှူးအားကစားနည်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရှေ့ဆုံးရောက်နေသော နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံနောက်တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ကပ်လိုက်လာသည်။ အချိန်တိုအတွင်း မြန်မာဝူရှူးအားကစားအဖွဲ့ အောင်မြင်မှုရရှိလာခြင်းမှာ နိုင်ငံတော်၏အားပေးကူညီပံ့ပိုးမှုနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၏ အားထုတ် ကြိုးပမ်းမှုတို့ကြောင့်ပင် ဖြစ်သည်။ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ကို ၁၉၉၃ခုနှစ်မှ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်အခါတွင် အာရှအဆင့်သာမက ကမ္ဘာ့အဆင့်သို့ပင် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့အားကစားအဆင့် မြင့်မားခြင်းသည် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခြင်းဖြစ်သည်။ အာရှအဆင့်နိုင်ငံတကာပြိုင်ပွဲကြီး အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို နိုင်ငံတကာအလယ် ဝင့်ထည်စေခြင်းပင် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၈-၁၁-၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယော)ဆရာတော်ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အရေးပြိုင်ပွဲ
၈း၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၀၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၁၅ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၄၈)
၁၁း၅၅ ၄။ မြန်မာရုပ်ရှင် **"ရင်ထဲကဆောင်းရာသီ"** (လွင်မိုး၊ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်၊ အိဖြူစိုး) (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄း၄၅ ၅။ International News
၁၅း၀၀ ၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၈။ ညနေခင်းသတင်း
၁၉း၀၀ ၉။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၃၆)
၁၉း၃၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၄၅ ၁၂။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်**

**Third Meeting of the ASEAN Committee on Women**
**29 November - 1 December 2004**
**YANGON, MYANMAR**

# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီ တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားများသို့ တက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၂၇

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက မြန်မာ့လေကြောင်းဖြင့် မြိတ်မြို့သို့ ရောက်ရှိလာရာ မြိတ်လေဆိပ်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ မြိတ်–ထားဝယ် ကားလမ်းအနီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၉၀ ရှိ စန္ဒဝတီကုန်းတော်ပေါ်တွင် တည်ဆောက်လျက်ရှိသော မြိတ်မြို့ ကျက်သရေဆောင် ရွှေတိဂုံပုံတူ မဟာသိဒ္ဓိဇယ စေတီတော်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်တိုင်းမှူးတို့သည် မဟာသိဒ္ဓိဇယစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

## ဂုဏ်ကျက်သရေဆောင်

အဆိုပါ မဟာသိဒ္ဓိဇယစေတီတော်မှာ ဉာဏ်တော်၁၀၈ပေရှိပြီး သံအားဖြည့်ကွန်ကရစ်ဖြင့် အမာခံတည်ဆောက်ထားကာ မုခ်ဦးလေးခုတို့ဖြင့် စေတီတော်အတွင်း ဝင်ရောက်ဖူးမြော်နိုင်သော လိုဏ်ဘုရားတစ်ဆူ ဖြစ်ပြီး တနင်္သာရီတိုင်းအတွင်းရှိ ပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် သာသနာတော်အဓွန့်ရှည်ကြာ တည်တံ့ခိုင်ခံ့နေစေရန်အတွက် တနင်္သာရီတိုင်း၏ ဂုဏ်ကျက်သရေဆောင်အဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဓမ္မာရုံ၌ကျင်းပသည့် နဝမအကြိမ် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်စခန်းရုံး ဘုံကထိန် သင်္ကန်းကပ်လှူပွဲသို့ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဧည့်ပရိသတ်များက နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ကန်သာကျောင်းတိုက် ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဓမ္မာရုံတွင် စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်ဩဝါဒါစရိယ ရွှေတောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသာရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဧည့်ပရိသတ်များက ဘိုတောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တသုဒဿနာဘိဝံသထံမှ အနုမောဒနာတရားတော်နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများသည် မြိတ်မြို့လေးကျွန်း ဆီမီးစေတီတော်ကြီး ဗုဒ္ဓသာသနာ့ဗိမာန်၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ မြို့မိမြို့ဖ အလှူရှင်များ စုပေါင်းကျင်းပသည့် စုဒ္ဒသမအကြိမ်မြောက် စုပေါင်းဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက် ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မြိတ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စံကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ၍ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပုဖွားရုံ ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍောဘာသအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဧည့်ပရိသတ်များက ဘိုတောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တသုဒဿနာဘိဝံသ ထံမှ အနုမောဒနာတရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လေးကျွန်းဆီမီးစေတီတော်ကြီး သမုတ်သိမ်တွင် ကိန်းဝပ်စံပယ်တော်မူနေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများသည် ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သာသနနုဂ္ဂဟ ဆန်လှူအသင်း ဆွမ်းဆန်တော်ရေစက်ချ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၂၃)ကြိမ်မြောက် ဆွမ်းဆန်တော် ရေစက်ချပွဲကို ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက်ပေါင်း ၁၇၀ မှ စာချ၊ စာသင် သံဃာတော်ပေါင်း ၁၇၀၀၀ ကျော်ကို ဆွမ်းဆန်တော်တင်း ၄၅၀၀၊ တန်ဖိုးကျပ် ၁၅၉ သိန်းကျော်ကို တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ဦးမောင်ကလေး–ဒေါ်ကျုတ် တန်ဆောင်းတော်ကြီး၌ အသင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက ရေစက်သွန်းချ လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး၏ အကြိမ်(၂၀)မြောက် မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၅ရက်က အေးရွာအနောက်ဘက်ရပ်ကွက် ရတနာပုံတိုက်ကျောင်းတွင် ပြုလုပ်ရာ ဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအေး(ခ) ဦးစိန်အေးသောင်း၊ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးနှင့် အတွင်းရေးမှူး ဦးထွန်းထွန်းဦးတို့က ဆရာတော်အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)



## ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၆ ရက်နေ့ (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ဟိုတယ်ခရီး(စား/ဖျော်)ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများ၊ ၂၀၀၃–၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အသင်းဝင်များနှင့်အသင်းဝင်များ၏သားသမီးများ၊ ရေတာရှည်မြို့နယ် သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေမရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ဖုန်း–၅၄၆၀၁၁၊ ဒုတိယဥက္ကဋ္ဌဦးအုန်းကျော် ဖုန်း–၅၇၈၃၁၆ နှင့် အတွင်းရေးမှူး ဦးတင့် ဖုန်း–၅၇၈၇၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## မှုခင်း ကျဆင်းရေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ရက်က အင်းစိန် တောင်သူကုန်းရပ်ကွက် အမက(၄၉) စာသင်ဆောင်၌ ကျင်းပရာ အခမ်းအနားသို့ အင်းစိန်ရဲစခန်းမှူး ရဲအုပ်သန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစောချစ်ထွေးနှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူးများ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူခင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြစိန်က မှုခင်းကျဆင်းရေး ပညာပေးဟောပြောကြောင်း သိရသည်။

**(က–ပ)**

## ကြည့်ရှုစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး နိုဝင်ဘာ ၂၃ ရက်က ရေတာရှည်မြို့နယ် ဆွာချောင်း ရေလှောင်တမံ ကန်ရေပြည့် ရေသိုလှောင်၍ ဆည်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (လယ်ယာ/ဆည်မြောင်း)



နိုဝင်ဘာ ၂၂ရက်က သုဝဏ္ဏမြို့ စစ်ကိုင်း စာသင်တိုက်၌ ကျင်းပသော မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဝန်ထမ်းမိသားစု၏ ပဥ္စမအကြိမ်မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဆရာတော်အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (စီးပွား/ကူးသန်း)

## ခင်ကြီးဖျော်ကျောင်းပရဝဏ် ပြန်လည်ဖော်ထုတ်ရေး လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မကွေးတိုင်း မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာရှိ ခင်ကြီးဖျော်ကျောင်း ပရဝဏ်အား ပြန်လည်ဖော်ထုတ်၍ ဝိပဿနာကျောင်း၊ တရားစခန်းအဆောက်အအုံနှင့် ကလေးများ အခြေခံ ဗုဒ္ဓဘာသာသင်တန်းခန်းမများ တည်ဆောက်ရန်နှင့် ကျင်းပမြဲဖြစ်သော ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၏ အကြိုတရားစခန်းပွဲတွင် တောင်တွင်းကြီးမြို့ ပုဏ္ဏဝတီကျောင်းတိုက်မှ ဆရာတော်ဦးဝိစိတ္တက လာမည့် ဒီဇင်ဘာ၁၆ရက်မှ ၂၂ရက် အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက်မြို့သစ်မြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင်များသည်ဦးဌေးအောင် (၁၀/၃)သမ၊ ငွေရောင်ခြည်ကဖီး တောင်ဥက္ကလာပမြို့နယ် ဖုန်း–၅၇၇၃၂၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)



လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် ၇လမ်းမိသားစု စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၆ရက်က အဆိုပါလမ်းတွင်ကျင်းပရာ သံဃာတော်အရှင်သူမြတ်များအား စုပေါင်းကထိန်သင်္ကန်းကပ်လှူကြစဉ်။ (မြန်မာ့အလင်း)

## မိုးကုတ်ကျောင်းသားကျောင်းသူဟောင်းများ တတိယအကြိမ်အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မိုးကုတ်ကျောင်းသား ကျောင်းသူဟောင်းများက မိုးကုတ်မြို့နယ်အတွင်းရှိ အထက၊ အလက၊ မူလတန်းကျောင်းများမှ အငြိမ်းစား အနားယူခဲ့သော ဆရာ ဆရာမများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်လှန်ရေးပန်းခြံအနီးရှိ M 3 Food Centre ၌ ကျင်းပရန်စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲအတွက် ဒေါ်မြင့်မြင့်ရီ ဖုန်း–၅၁၀၄၈၉၊ ဒေါ်ကြည်အောင် ဖုန်း–၅၇၀၇၅၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း–၀၉–၉၉–၂၈၁၈၆၊ ဒေါ်ညွန့်ညွန့်ဆွေ ဖုန်း–၂၄၂၂၂၄၊ ဦးတင်အောင် ဖုန်း–၂၉၉၈၂၁၊ ဦးမောင်မောင်ကြီး ဖုန်း–၅၄၈၄၃၅၊ ဦးတင်မောင်ဝင်း ဖုန်း–၀၉–၅၀–၂၀၂၃၄၊ ဦးကြည်မင်း ဖုန်း–၅၂၆၂၇၆၊ ၅၂၅၁၆၅၊ ဦးအုန်းကို ဖုန်း–၀၉–၅၀–၀၃၉၉၀၊ ဦးသန်းဝင်း ဖုန်း–၇၀၈၁၆၃၊ ဦးသိန်းအောင် ဖုန်း–၅၂၆၆၅၅၊ ဒေါက်တာစိုးဝင်း ဖုန်း–၀၉–၈၀–၃၂၃၉၀၊ ဦးမျိုးညွန့် ဖုန်း–၅၄၈၇၃၅၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၆၄၀၁၄၅၊ ဒေါ်ကြူကြူဇင် ဖုန်း–၂၉၀၃၉၄နှင့် ဦးဇော်မျိုးနိုင် ဖုန်း–၀၉–၈၀–၃၁၂၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

## ဓမ္မစေတီဆရာတော်တရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ထေရဝါဒသာသနာပြုဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (M.A Buddhism) အထူးတရားပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၂ ရက် (နိုဝင်ဘာ၂၈ရက်)တနင်္ဂနွေနေ့မှ (ဒီဇင်ဘာ ၂ရက်)ကြာသပတေးနေ့အထိ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက် အောင်ဓမ္မရိပ်သာလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ်တွင် ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)



## ဒဂုံမြို့နယ်အလယ်တန်းကျောင်းအမှတ်(၁)ပညာရေးမိသားစု ကထိန်သင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၀၄–၂၀၀၅ပညာသင်နှစ် အလက(၁)ဒဂုံမြို့နယ် ပညာရေးမိသားစု၏ ကထိန်လျာသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် နံနက်၉နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အင်းစိန်မြို့နယ် ရတနာ ကံကြီး ပရိယတ္တိကျောင်းတိုက်ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်ကိုးပါးတို့အား ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။**(အပေါ်ပုံ)** (က–ပ)

## (၄၆)နှစ်မြောက်မင်္ဂလာဆုတောင်း

**၂၈–၁၁–၂၀၀၄**

ချစ်ဖေဖေ **ဦးသိန်းရွှေ**(ဆက်သွယ်ရေး၊ အင်ဂျင်နီယာ၊ ငြိမ်း)–ချစ်မေမေ **ဒေါ်သိန်းရီ(ခ)ဒေါ်ရီလေး** (ရွှေမိသားစု၊ TV.VCR) တောင်ကြီးမြို့တို့၏ ၂၈–၁၁–၂၀၀၄ရက်တွင် ကျရောက်သော (၄၆) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာ၊ ချမ်းသာစွာဖြင့် အနာဂတ်ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ–

**ချစ်သား၊သမီးများ။**



မိဘများဖြစ်ကြသော ဦးလှသစ်– ဒေါ်အေးပို၊ ဦးသာဒေါင်း–ဒေါ်အေးရီ (ဟံသာအေး)၊ ဦးကျော်ဇော–ဒေါ်ကျင်မြတို့အား ရည်စူး၍ ဆရာတော်ဦးဝါယမနှင့် ယုဇနဥယျာဉ်မြို့တော် A–၂လမ်း တိုက်၁၆ အခန်း၁၀၄နေ ဒေါ်မြင့်မြင့်၊ သား မောင်ထင်ကျော်၊ သမီး–မနီနီခိုင်၊ သား–မောင်ရဲမြင့်မောင်၊ မြေး–ဗိုလ်လောင်းရဲလင်းအောင်တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ၈ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က–ပ)

## ကွက်သစ်ကျောင်းအာစရိယပူဇော်ပွဲ

(၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၆ရက် (အမျိုးသားနေ့) နံနက်၁၁နာရီတွင် အမှတ်၂၀၀ ဗဟိုလမ်း စမ်းချောင်းတွင်ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်။

**ကျောင်းသား၊ကျောင်းသူဟောင်းများ။**

## လူပျောက်ကြော်ငြာ

မဆွိဆွိ(၁၀)နှစ် ဆံ့အ၊ စိတ်မနှံ့သူ အရပ် ၃ပေ၊ ဆံပင် ကုပ်ထောက်၊ အပေါ်သွားကျိုး၊ ဝဲမျက်လုံးအောက် မှဲ့နက်တစ်လုံးရှိသည်။ ပျောက်ဆုံးနေပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။
၈၈၆၊ အထက(၆)ကျောင်းလမ်း၊ (၁၄/၇)ရပ်ကွက်၊ရွှေပေါက်ကံ။

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြည်သူ့အကျိုးပြု လုပ်ငန်း စုပေါင်း သန့်ရှင်း ဆောင်ရွက်မှုကို မြန်အောင်မြို့ အမှတ်(၆) ရပ်ကွက်ရှိ ရွှေဘုံသာ စေတီတော်မြတ်ကြီးဝင်းနှင့် ဘုန်းတော်ကြီးကျောင်းငါးကျောင်းပတ်ဝန်းကျင်တွင် နိုဝင်ဘာ ၂၀ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဝင်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်(၂) ဦးကျော်စိုးခိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဒေါက်တာသန်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်၍ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**(မြို့နယ်ပြန်/ဆက်)**

## စက်မှုလက်မှုသိပ္ပံ(G.T.I)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ နဝမအကြိမ်အာစရိယပူဇော်ပွဲ

G.T.I ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ G.T.I ကျောင်းများမှ အငြိမ်းစား ယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်လှူဒါန်း ပူဇော်နိုင်ပါရန် ကျောင်းသား ကျောင်းသူဟောင်းများအား အသိပေး နှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်နေရာ** – ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ဗဟန်း။

**ကျင်းပမည့်နေ့** – ၅–၁၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီ။

**ဆက်သွယ်စုံစမ်းနိုင်သည့်ပုဂ္ဂိုလ်များ–**

ဦးရန်ဝင်း (အင်းစိန်၊ G.T.I) ဖုန်း–၂၄၁၉၀၅၊ ၂၄၅၃၂၃
ဦးကြည်လင်း (အင်းစိန်၊ G.T.I) ဖုန်း–၂၅၂၅၈၅၊ ၂၄၂၆၅၂
ဦးဌေးအောင်(ပြည်၊ G.T.I) ဖုန်း–၂၄၉၁၂၂
ဦးဇော်ဝင်း (ကလော၊ G.T.I) ဖုန်း–၅၅၈၂၉၄၊ ၅၅၈၂၉၅
ဦးကျော်ကျော်စိုး (မန္တလေး၊G.T.I) ဖုန်း–၅၀၅၉၆၉
ဦးမျိုးချစ် (ချောက်၊G.T.I) ဖုန်း–၂၂၈၀၄ (Ex–၁၀၇)
ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း–၆၄၀၀၆၂

အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများ ကြိုတင်အကြောင်းကြား ဆက်သွယ်ရန်လိပ်စာ–

ဦးအောင်ကျော်ညွန့် (လ/ထ ကထိက၊ငြိမ်း)စက်မှုလက်မှုသိပ္ပံ(အင်းစိန်) ဖုန်း–၅၄၃၀၈၈
ဦးအုန်းမောင် (မန္တလေး၊ G.T.I လ/ထ ကထိက၊ မြို့ပြ၊ ငြိမ်း) ဖုန်း–၀၂–၆၅၁၀၁(အိမ်)


## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်

**World AIDS Campaign**

**1St December, 2004**

**"အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများဘဝမြှင့်တင်စို့"**

**"Women, Girl, HIV and AIDS"**

**ကျန်းမာရေးဝန်ကြီးဌာန**

# ဟိုပင်မြို့နယ်အလင်းစေတမန် ကျေးရွာစာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်း

ဟိုပင် နိုဝင်ဘာ ၁၂

**ကချင်ပြည်နယ် ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အလင်းစေတမန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ အလှူငွေနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက် ၁၀နာရီက ဟိုပင်မြို့နယ် တကွင်းကျေးရွာအုပ်စု သဲဂုဏ်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။**

ရှေးဦးစွာ အလင်းစေတမန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို သဲဂုဏ် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးသန်းဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဟောပြောပွဲ၊ အလှူငွေနှင့် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဟိုပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတင်တို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေ၏အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ဟောပြောကြသည်။

ထို့နောက် စာကြည့်တိုက်အတွက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ်ငါးထောင်နှင့် မဂ္ဂဇင်းဂျာနယ်အုပ် ၁၀၀၊ ဟိုပင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်းဂျာနယ် စာအုပ်၅၀၊ တကွင်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေကျပ် ၈၅၀၀၊ သုတ ရသစာအုပ် ၅၀နှင့် အလှူရှင်များက စာအုပ်စာစောင် ၂၀၀တို့ကို ပေးအပ် လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွဲကူးကျေးရွာ ရေပေးရေး လုပ်ငန်းကို နိုဝင်ဘာ ၁၃ ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် **ဦးအုန်းညွန့်ကြည့်**ရှု စစ်ဆေး ရာ တာဝန်ရှိသူများ က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

# ကျောင်းကုန်းမြို့နယ်ကျေးရွာစာကြည့်တိုက်ဖွင့် ရရှိလာသည့် အကျိုးကျေးဇူးအကြောင်းဟောပြော၊ စာအုပ်များလှူဒါန်း

ကျောင်းကုန်း နိုဝင်ဘာ ၂၂

**ပညာရတနာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၀ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် တက်ဆိပ်အုပ်စု ညောင်အိုင်ကျေးရွာတွင်ကျင်းပရာ စာကြည့်တိုက်အား ကျေးရွာဥက္ကဋ္ဌ ဦးကျင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် အလှူရှင် ဦးကံညွန့် (ကံ့ကော်မြိုင်ပညာဝန်ဆောင်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။** (အောက်ဝဲပုံ)

ဆက်လက်၍ ဟောပြောပွဲအခမ်းအနားကို ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းရှင်းလင်း ဟောပြော၍ စာကြည့်တိုက်အတွက် စာပေအလှူရှင် ဦးကံညွန့်(ကံ့ကော်မြိုင်ပညာဝန်ဆောင်) ကငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်သစ်များ ဝယ်ယူလှူဒါန်းခြင်း၊ ငွေကျပ် ၆၀၀၀၀ တန် စာအုပ်သိမ်းရန် ဗီရို လှူဒါန်းသည့်အပြင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာသူရွာသားများနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များက စုပေါင်းဆောက်လုပ်သည့် ကျပ်၅သိန်း အကုန်ကျခံဆောက်လုပ်သည့် စာကြည့်တိုက် အဆောက်အအုံအတွက် ဦးကံညွန့် (ကံ့ကော်မြိုင် ပညာဝန်ဆောင်) က ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၂၆၅)**

# ကိုယ့်အားကိုယ်ကိုး ပိဋကတ်စာကြည့်တိုက်ဖွင့်

**မိုးညှင်း နိုဝင်ဘာ ၁၂**

ကချင်ပြည်နယ် မိုးညှင်းမြို့ စိမ်းရတနာမွန်ရပ်ကွက်တွင် စေတနာသီလရှင်၏ ကိုယ့်အားကိုယ်ကိုး သဒ္ဓါသုခ ပိဋကတ်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီက စေတနာရှင်သီလရှင် ဒေါ်ထေရီနေထိုင်ရာ အဆောက်အအုံတွင် ကျင်းပသည်။

**လှူဒါန်း**

အခမ်းအနားတွင် သဒ္ဓါသုခ ပိဋကတ်စာကြည့်တိုက် ဆိုင်းဘုတ်ကိုဖွင့်လှစ်သည်။ ထို့နောက် သဒ္ဓါသုခ ပိဋကတ်စာကြည့်တိုက်သို့ စေတနာရှင် အသီးသီးက သုတ၊ ရသနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို သီလရှင် ဒေါ်ထေရီက ပိဋကတ်စာအုပ်များ၊ သိမှတ်ဖွယ်ရာ ဘာသာရေးစာအုပ်များ၊ သုတ၊ ရသဆိုင်ရာ စာအုပ်များနှင့် ကလေးများအတွက် ယဉ်ကျေးမှုစာအုပ် စသည့် စာအုပ်ပေါင်း ၁၀၀၀ ကျော် ဖြင့်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ **(၁၅၂)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



**ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်**

# ပြည်သူများ အသိပညာ၊ ဗဟုသုတ တိုးပွားစေရေး ဖျာပုံမြို့နယ်ဖိုးရာဇာစာကြည့်တိုက်ဖွင့်

**ဖျာပုံ နိုဝင်ဘာ ၂၄**

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ အမာမြို့ဆိပ်မကျေးရွာတွင် ဖိုးရာဇာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပရာ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးအေးကြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစံသာထွန်းနှင့်ကျေးရွာဥက္ကဋ္ဌ ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးစံသာထွန်းက အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးအေးကြူက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

**(မြို့နယ် ပြန်/ဆက်)**



# မတ္တရာမြို့နယ်ကျေးရွာစာကြည့်တိုက်ဖွင့်

**မတ္တရာ နိုဝင်ဘာ ၂၆**

မတ္တရာမြို့နယ် ဝက်ခဲကျေးရွာ အုပ်စု ဘုရားဖြူကျေးရွာ ဆုတောင်းပြည့်ဓမ္မာရုံတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအုန်းငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ-၃ ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် ၂၇ အုပ်ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးအေးမော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး(ယာယီ) ဒေါ်မေသူမြင့်တို့က ကျေးရွာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့**

# ညောင်ရွှေမြို့ ရုံးကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်း

**ညောင်ရွှေ နိုဝင်ဘာ ၁၂**

ညောင်ရွှေမြို့ ရုံးကြီးလမ်း တိန့်နန်းတံတားအဝင် အကျယ် ၁၂ပေ၊ အရှည် ပေ ၁၀၀၀ ကတ္တရာလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းပခုံးညှိခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၇ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးထွန်းမင်းသိန်းက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



**နိုဝင်ဘာ ၁၉ ရက်က ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူရေးအတွက် သန်လျင်မြို့နယ်ကျောင်းကုန်းရွာ ဆိပ်ကြီးလမ်းလေးမိုင်အရှည်အား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## မိတ္ထီလာနဂါးရုံစေတီ ဘက်စုံပြုပြင်ရေး ငွေလှူဒါန်း

**မိတ္ထီလာ နိုဝင်ဘာ ၁၆**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ နဂါးရုံစေတီတော် ဘက်စုံပြုပြင်ရန်အတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ရက်က နဂါးရုံစေတီတော်ပညာဓိက တန်ဆောင်းအတွင်း၌ ကျင်းပသည်။

နဂါးရုံစေတီတော် ဘက်စုံပြုပြင်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက နဂါးရုံဘုရားအတွင်းရှိ ရုပ်ပွားတော်များ ဘက်စုံပြုပြင်ရန်အတွက် အမှာစကားပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ အလှူရှင် ၄၃ဦးတို့က အလှူတော်ငွေ ကျပ် ၂၁၇၄၅၀၀ကို နဂါးရုံဘုရား ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်သို့ ပေးအပ် လှူဒါန်းကြသည်။ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ သမိုင်းဝင် နဂါးရုံစေတီတော် ဘက်စုံပြုပြင်ရန်အတွက် လှူဒါန်းလိုသူများသည် နဂါးရုံစေတီတော် ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၄၁၄)**



**နိုဝင်ဘာ၁၂ရက်က လမ်းလယ်ကျွန်း ပန်းခုံများဆောင်ရွက်မှုကို ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

## ပျဉ်းမနား အထက(၁) အာစရိယပူဇော်မည်

**ပျဉ်းမနား နိုဝင်ဘာ ၁၅**

ပျဉ်းမနားမြို့ အထက(၁)တွင် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက်တွင် ပျဉ်းမနားမြို့ ရွှေချီရပ်နေ ကျောင်းသားဟောင်း ဦးတာတာမြင့် နေအိမ်၌ အသက်(၇၀) အထက် ဆရာကြီး ဆရာမကြီးတို့အား ပူဇော်ကန်တော့ပွဲ ကျင်းပမည် ဖြစ်သည်။

သို့ဖြစ်၍ ကျောင်းသူ ကျောင်းသားဟောင်းများသည် ဦးလှမြင့် (အထက်တန်းရှေ့နေ) မစိုးရိမ်၊ အုတ်တံတားလမ်း ပျဉ်းမနား၊ ဦးတာတာမြင့် (ရွှေချီရပ်)ပျဉ်းမနား၊ ဦးတင်ကိုကို ဖုန်း–၅၄၉၈၃၆နှင့် ဒေါက်တာဒေါ်မြသိန်း ဖုန်း–၅၁၂၉၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၁)**



## အမြို့မြို့ အနယ်နယ် သတင်းများ

## ခရိုင်ချင်းဆက်လမ်းနှင့် မြောင်းတံတားများ ပေါင်းတည်၌ ဆောင်ရွက်

ပေါင်းတည် နိုဝင်ဘာ ၂၅

**ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့သည် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်တို့ နိုဝင်ဘာ ၂၂ရက်က ပေါင်းတည်မြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းတွင် လမ်းနှင့် မြောင်းတံတားများ ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက ရှင်းလင်းတင်ပြကြသည်။(အောက်ပုံ)**

ထိုသို့ ရှင်းလင်းတင်ပြချက်များအပေါ် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က လမ်း၊ တံတားများအား အချိန်မီပြီးစီးရန်နှင့် စံချိန်စံညွှန်းအမီ ဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ပေါင်းတည်မြို့နယ် ၂၀၀၄–၂၀၀၅ခုနှစ်အတွင်း မြေသားလမ်း လေးမိုင်နှင့် မြောင်းတံတား ၁၂စင်း ဆောင်ရွက်ပြီးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

### ကြည့်ရှုစစ်ဆေး

**နမ့်ခမ်းမြို့မဈေးကြီးအတွင်း သား၊ ငါး အရောင်းဆိုင်များအား ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချမှုကို နိုဝင်ဘာ ၂ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** ( မြို့နယ်စည်ပင် )



**နိုဝင်ဘာ ၁၇ရက်က ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်လမ်းဆုံတွင် လုပ်ဆောင်ထားသော မြေခင်းအလှစိုက်ပျိုးထားခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)




### အာစရိယပူဇော်ပွဲ ကျင်းပမည်

**မော်လမြိုင် နိုဝင်ဘာ ၁၂**

မော်လမြိုင်မြို့ ဆရာအတတ်သင်သိပ္ပံ ၁၉၆၆–၁၉၇၂ခုနှစ် ပညာသင်နှစ်များတွင် သင်တန်းတက်ရောက်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၈ရက် စနေနေ့၌ အထက(၁)ကျောက်တံတား မြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

### လေးမိုင်ကျေးရွာ၌ စိစစ်ရေးကတ်ပြား ပေးအပ်

**သပိတ်ကျင်း နိုဝင်ဘာ ၁၂**

သပိတ်ကျင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးလွင်နှင့် ဝန်ထမ်းများ အောက်တိုဘာ ၁၀ရက်က သပိတ်ကျင်းမြို့နယ် ကဘဲ့အုပ်စုအတွင်းရှိ လေးမိုင်ကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်မှုကို ပြင်ဦးလွင်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးမင်းအောင်တို့ ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံ အသိပေးဆွေးနွေး

နွားထိုးကြီး နိုဝင်ဘာ ၁၅

**အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း အသိပေးဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ရက် နံနက် ၁၀ နာရီက နွားထိုးကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဦးခင်မောင်ကြီးက အစုလိုက် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်း စီမံချက်လုပ်ငန်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက်နွားထိုးကြီး မြို့နယ်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ်အောက်ရှိ ကလေးသူငယ် ၂၃၀၀၀ ကျော်ကို နိုဝင်ဘာ၁၄ ရက်မှ ၂၀ရက်အထိ အဖွဲ့၄၄ဖွဲ့ဖြင့်ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးသည်။ **(၂၁၃)**

## ခရိုင်ကျန်းမာရေးဦးစီးဌာနကြီးမှူး ကျောက်မဲ၌အရန်သားဖွား ဆရာမသင်တန်းဆင်း

**ကျောက်မဲ နိုဝင်ဘာ ၁၅**

ကျောက်မဲခရိုင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အရန်သားဖွားဆရာမသင်တန်း (၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၁၀နာရီက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမတွင် ကျင်းပသည်။

**သင်တန်းဆင်းလက်မှတ်ပေးအပ်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းလူနှင့် ဦးကျောက်စိုင်းအွန်တို့က အမှာစကား ပြောကြားကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် ဦးဝင်းလှိုင်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ဆက်လက်၍ သင်တန်းတွင် ပထမ မနန်းချောစုလှိုင်၊ ဒုတိယ မနန်းမွေးပွင့်နှင့် တတိယ မနန်းခင်ပွားကြည်တို့ ရရှိကြပြီး ခရိုင်ကျန်းမာရေးဦးစီးမှူးက ဆုများပေးအပ်ချီးမြှင့်သည်။ သင်တန်းကာလမှာ ခြောက်လ ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**အောက်တိုဘာ ၁၀ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး သန့်ရှင်းသာယာ လှပရေး ဆောင်ရွက်ထားရှိမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဈေးမိဈေးဖများက ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

### မြန်မာ့အသံ

**၂၉–၁၁–၂၀၀၄(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

**နေ့လယ်ပိုင်း**

- ၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (အိန္ဒာခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
- ၁၁:၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေး–သိပ္ပံမှူးတင်)
- ၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂:၂၅ အားကစားသတင်းပဒေသာ
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (စတုတ္ထတန်း–ပထဝီဝင်)

**ညနေပိုင်း**

- ၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ကျေးလက်စာကြည့်တိုက်များအကြောင်း ဆွေးနွေးခန်း)
- ၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
- ၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံသာ

## မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အာရှဂူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ



ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအားကစားဝန်ကြီးဌာနဝန်ကြီး အာရှဂူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E.Mr. Li Zhijianနှင့်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**စာမျက်နှာ ၈ ကော်လံ ၁** ❒

## နိုင်ငံတကာအဆင့်မီ အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကြီး အိမ်ရှင်နိုင်ငံအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး၊သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကြီးကို ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ အာရှအဆင့် နိုင်ငံတကာပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် အောင်အောင်မြင်မြင် စည်စည်ကားကား အဆင့်မီမီ ကျင်းပနိုင်ခဲ့သည်ကို (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကြီးက ဖော်ညွှန်းပြသလိုက်ခြင်း ဖြစ်သည်။

အာရှအဆင့် နိုင်ငံတကာပြိုင်ပွဲ တစ်ပွဲကို အိမ်ရှင် နိုင်ငံအဖြစ် လက်ခံ ကျင်းပခွင့်ရရှိခြင်းသည် သာမန်အခြေအနေမျိုးဖြင့် မရနိုင်ချေ။ အဘက်ဘက်က နိုင်ငံတကာ အဆင့်မီဖို့လိုသည်။ အဘက်ဘက်က အဆင့်မီဖို့ဆိုရာတွင် အားကစားအဆင့်အတန်းတွင် အာရှအဆင့် ရှိမရှိ၊ ပြိုင်ပွဲကျင်းပရာ အားကစားကွင်း အဆင့်အတန်း၊ တည်းခိုနေထိုင်ရေးမှအစ တည်ငြိမ်အေးချမ်းမှု အဆုံး အဘက်ဘက်က ပြည့်စုံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိနိုင်သည်။

(၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ပြုရန် ၂၀၀၀ပြည့်နှစ် (၅)ကြိမ်မြောက်

**စာမျက်နှာ ၁၁ ကော်လံ ၁** ■



**(၆)ကြိမ်မြောက် အာရှဂူရှုး တံခွန်စိုက်ပြိုင်ပွဲတွင် အမိမြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးရယူပေးသူ ဆွေဆွေသန့် ဆုယူအပြီး အောင်ပွဲခံနေသည်ကို ဤသို့ ဂုဏ်ယူဝင့်ကြွားစွာတွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပွံ့ဖြိုးစည်ပင်ကျေးလက်တစ်ခွင်

**ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများ၊တံတားများ ဖောက်လုပ်ပေးလျက်ရှိရာ နိုင်ငံတော်၏ပံ့ပိုးငွေနှင့် မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းပံ့ပိုးငွေဖြင့်တည်ဆောက်ပေးထားသည့် မိုးညှင်းမြို့နယ် နန်းမား–နမ်းခမ်းကျေးလက်တံတားသစ်ကို နိုဝင်ဘာ ၂၃ရက်က ဤသို့ တွေ့ရသည်။** (မြို့နယ်ကြံ့ခိုင်ရေး)



## ဘုတလင်ကျေးရွာပြည်သူများအတွက် စက်ရေတွင်းတူးဖော် တစ်နာရီရေဂါလန် ၁၅၀၀ထွက်ရှိ၍ဝမ်းသာနေကြ

ရန်ကုန် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စစ်ကိုင်း တိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက် ဒေသများတွင် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးခဲ့ရာ ရန်ကုန်မြို့နေ ဦးကျော်ဟိုး – ဒေါ်သင်းရီ (မိဘမေတ္တာဆေးဆိုင်)တို့က ဆရာတော်တိပိဋကဓရ ဘဒ္ဒန္တကုမာရာဘိဝံသအားအမှူးထား၍ လှူဒါန်း ငွေကျပ် ၁၂သိန်းငါးသောင်းဖြင့် ရေရှားပါးသော ဘုတလင်မြို့နယ် ပြုံးတူးကျေးရွာ၌ နှစ်လက်မစက်ရေတွင်း အနက်ပေ ၃၈၀တူးဖော်ပေးခဲ့ရာ တစ်နာရီလျှင် ရေဂါလန်၁၅၀၀ထွက်ရှိသဖြင့် ကျေးရွာပြည်သူများက လွန်စွာဝမ်းသာနေကြောင်းသိရသည်။ အဆိုပါစက်ရေတွင်းဖွင့်ပွဲကို ပြုံးတူးကျေးရွာတွင် နိုဝင်ဘာ ၁၅ရက်ကကျင်းပရာ တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့်အလှူရှင်မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**